ကြေးမှု

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ စနေနေ့၊ (29-11-2014) (၈၀၃၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အယ်လ်ဘေးနီးယားနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၂၉ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာဘူဂျာ နီရှနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ နိုဝင်ဘာ ၂၉ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအက်ဒီရာမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၂၈

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ခိုးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ခိုးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ခိုးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ခိုးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းများကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် "ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ခိုးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်သွင်းရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာကဆွေးနွေးပြီး လွှတ်တော်ကအတည်ပြုသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

Yangon Runway ရုပ်ရှင်ဇာတ်ကား လာမည့်နှစ်တွင် မြန်မာပြည်၌ ရိုက်ကူးမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ဂျပန်နှင့် မြန်မာသရုပ်ဆောင်များစွာပါဝင်သည့် Yangon Runway ရုပ်ရှင်ဇာတ်ကားကို လာမည့် ၂၀၁၅ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံ၌ လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဇာတ်ကားကို ဂျပန်နိုင်ငံ Living Song Entertainment မှ အကုန်အကျခံရိုက်ကူးမည်ဖြစ်ကြောင်း၊ ပြီးစီးပါက မြန်မာနိုင်ငံ၌ ပွဲဦးထွက်ပြသသွားမည်ဖြစ်ကြောင်း မြန်မာပရိုဂျူဆာနှင့် လက်ထောက်ဒါရိုက်တာဖြစ်သူ ကိုကျောမရမ်ကပြောကြားသည်။

"ဇာတ်ကားကို ဇန်နဝါရီလဆန်းမှာ ရိုက်ကူးသွားပါမယ်။ နိုင်ငံတကာ အဆင့်မီတဲ့ ဇာတ်ကားတစ်ကားအဖြစ် ရိုက်ကူးမယ်လို့ ရည်ရွယ်ထားတာကြာပါပြီ။ ဇာတ်ကားက အက်ရှင်ကားဖြစ်တယ်။ မြန်မာကြိုက်နှာမည်ရမင်းသားကြီး ဆန်နီခိုးဘားကို ပါဝင်ဖို့လျာထားတယ်။ နောက်ဂျပန်မှာအက်ရှင်နဲ့ နာမည်ကြီး သရုပ်ဆောင်မင်းသမီးဖြစ်တဲ့ ရီးနာတာကဲရာက အဓိကခေါင်းဆောင်အဖြစ်ပါဝင်မယ်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

သတင်း ›› အိရှေစင်ဝင်း
ဓာတ်ပုံ ›› ခင်မောင်ဝင်း(ကြေးမုံ)

အာဆီယံနှင့် ဂျပန် လူငယ်အစီအစဉ် သင်္ဘောခရီးစဉ်နှင့် လိုက်ပါလာသည့် လူငယ်အဖွဲ့များ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကြီးခြောက်ခုသို့ သွားရောက်လေ့လာမည်

အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံမှ လူငယ်များပါဝင်သည့် သင်္ဘောခရီးစဉ်သည် နိုဝင်ဘာ ၂၈ ရက်က ရန်ကုန်မြို့တွင် ဆိုက်ကပ်ခဲ့ပြီး အဖွဲ့ဝင်များအားလုံး ရန်ကုန်မြို့ရှိ တက္ကသိုလ်ကြီး ခြောက်ခုအပါအဝင် အထင်ကရနေရာများကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

အာဆီယံ-ဂျပန်လူငယ်အစီအစဉ် အရ ဂျပန်နိုင်ငံမှ စတင်ခဲ့သည့် သင်္ဘောခရီးစဉ်သည် ဘရူနိုင်း၊ ဒါရုဆလမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တို ဝင်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးနှင့် အထင်ကရနေရာများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကြီး ခြောက်ခုတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။ တက္ကသိုလ်ကြီးခြောက်ခုမှာ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် ဆေးတက္ကသိုလ် (၁)တို့သို့ နိုဝင်ဘာ ၂၉ ရက်တွင် သွားရောက်လေ့လာ၍ ကျောင်းသူ ကျောင်းသားများနှင့် တွေ့ဆုံစကားပြောခြင်း Institutional Visit and Interaction with local Youth အစီအစဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ယနေ့သတင်းအညွှန်း

မန်ယူတိုက်စစ်မှူး ဗန်ပါစီ အား ခေါ်ယူစာချုပ်ရန် မန်စီနီ ပစ်မှတ်ထားနေ



သတင်း ›› စာမျက်နှာ - ၁၃

"အစ်မအမျိုးသားကလည်း မြိတ်က သူ့မိဘတွေကလည်း မြိတ်ကဆိုတော့ ဒီပွဲလေးကို ပါဝင်ဖြစ်သွားတာပါ"

သတင်း ›› စာမျက်နှာ - ၁၁

ကြေးမုံစာတည်းရှေထောင့် ၂၉-၁၁-၂၀၁၄၊ စနေနေ့

ငြိမ်းချမ်းဝေစည် ကြွယ်ဝချမ်းသာမည်

ဒေသတစ်ခု၏ ပထဝီဝင်အနေအထားကိုအခြေပြု၍ လူမှုဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံကျသည့် အချက်တစ်ခုဖြစ်သည်။ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လည်း လျော့နည်းစေမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသောကြောင့် နိုင်ငံအတွင်း၌သာမက ဒေသတွင်းမှာပါ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့နည်းသွားသည်ဟု ဆိုနိုင်ပါသည်။ တစ်ချိန်သောကာလက လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် ဒေသတွင်း စည်ပင်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး ကောင်းမွန်မှုအပေါ်တွင် အခြေခံထားသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍နေသည်။ ဒေသတွင်း ပို့ဆောင်ရေးစနစ်၊ ပို့ဆောင်ရေးနည်းလမ်း၊ ပို့ဆောင်ရေးဆိုင်ရာ အင်စတီကျူးရှင်းများပါဝင်သော ပို့ဆောင်ရေးကဏ္ဍသည် ယင်းတို့ကို များစွာအထောက်အကူပြုသည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားများအရ ပို့ဆောင်ရေးကဏ္ဍတွင် ထူးခြားကောင်းမွန်သည့် အခွင့်အလမ်းများကို ပိုင်ဆိုင်ထားသည်။

တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှအပြင် တောင်အာရှတို့နှင့်ပါ ဆက်သွယ်ရေးလမ်းကွန်ရက်များ၊ ပို့ဆောင်ရေးနည်းလမ်းများ သဘာဝအလျောက် ချိတ်ဆက်ထားပြီးဖြစ်သည်။ ယင်းအချက်ကိုပင် အာဆီယံနှင့် ဒေသတွင်း နိုင်ငံများက ဖော်ဆောင်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့်များမကြာမီ ကာလတွင် မြန်မာနိုင်ငံသည် ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးအတွက် အချက်အချာကြသည့် ဒေသတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသည့်နိုင်ငံများကို ပြန်ကြည့်မည်ဆိုပါက ဝေးလံပြီး တောတောင်ထူထပ်သည့်ဒေသတွင် နေထိုင်ကြသည့်သူများသည် ကားလမ်းမရှိ၊ ရထားလမ်းမရှိ၊ လေယာဉ်ကွင်းမရှိနှင့် ဖွံ့ဖြိုးမှုနောက်ကျ၍ ဆင်းရဲတွင်းနက်ကြရသည်။ ထိုအခါ အာဟာရချို့တဲ့မှု၊ မိခင်နှင့်ကလေးသေနှုန်းမြင့်မှု၊ ကျောင်းမနေနိုင်မှု၊ စာမတတ်မြောက်မှုတို့ ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောအခါ ဒေသတွင်း ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များပါ ကောင်းမွန်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်လည်း အချို့ဒေသများ၌ ထိုလိုအပ်ချက်များ ကျန်ရှိနေသေးသည်။ အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ အလွန်ရည်မှန်းချက်တွင် ထိုအချက်များပါလာခဲ့သည်။ မျက်မှောက်ကာလ သယ်ယူပို့ဆောင်ရေးကွန်ရက်များနှင့် အခြေခံအဆောက်အအုံ အရည်အသွေးနှင့် အရေအတွက် ဖွံ့ဖြိုးရေးအတွက် အရေးတကြီးဆိုလာကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ရည်မှန်းချက်ပြည့်မီရေးအတွက် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို ဂျပန်အစိုးရ၏အကူအညီဖြင့် ရေးဆွဲနေသည်ဟုသိရသည်။ ထိုမဟာစီမံကိန်းတွင် ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးနည်းလမ်းများ ပါဝင်သည်ဟုဆိုထားသည်။ ယင်းသည် နိုင်ငံတိုးတက်ဖို့နှင့် ပြည်သူများဘဝ မြှင့်တင်ဖို့ဟုဆိုထားသည်။ ရည်ရွယ်ချက်ကောင်းမွန်သဖြင့် ပြည်သူတို့အတွက် ကြီးမားသော မျှော်လင့်ချက်များပင်ဖြစ်သည်။

အာဆီယံ၏ ရည်မှန်းချက်ဖြစ်သည့် "ငြိမ်းချမ်းဝေစည်၍ ကြွယ်ဝချမ်းသာသော အသိုက်အဝန်းပေါ်ထွန်းရေး"အဆိုကို ကျွန်ုပ်တို့မျက်မြင်ဒိဋ္ဌတွေ့ကြရတော့မည်။ ယင်း၏အခြေခံအချက်တစ်ချက်ဖြစ်သည့် နိုင်ငံတွင်းသာမက ဒေသတွင်းကိုပါ အကျိုးဖြစ်ထွန်းစေမည့် ပို့ဆောင်ရေးစနစ်ကို အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေးမှ ဖော်ဆောင်နေသည်။ ထိုမှတစ်ဆင့် အသီးအပွင့်များ ပေါ်ထွက်လာမည်ဟု မျှော်လင့်မိပါသည်။

ထို့ကြောင့် ဒေသတွင်းငြိမ်းချမ်းဝေစည် ကြွယ်ဝချမ်းသာစေမည့် မဟာစီမံကိန်းများတွင် အားလုံးပိုင်းဝန်းပူးပေါင်း၍ တက်တက်ကြွကြွ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

တယ်လီနောမှ ဒီဇင်ဘာလအတွင်း မျှော်မှန်းဖြန့်ကြက် ကွန်ရက်ဧရိယာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုရှိ မြို့ ၁၂၂ မြို့၌ ဝန်ဆောင်မှုပေးနိုင်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာ တစ်ခုဖြစ်သော တယ်လီနောမှ ဒီဇင်ဘာလအတွင်းတွင် မျှော်မှန်းဖြန့်ကြက်ကွန်ရက် ဧရိယာအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ မြို့ပေါင်း ၁၂၂ မြို့၌ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမှ မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်ဆောင်ရွက်ခဲ့ရာတွင် ဝန်ဆောင်မှုစတင်ခဲ့သည့် အချိန်၌ မန္တလေးမြို့ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အမရပူရ၊ အောင်မြေသာစံတို့တွင် စတင်ဆောင်ရွက်ခဲ့ပြီး နေပြည်တော် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဒဂ္ဂိုဏသီရိ၊ လယ်ဝေး၊ ဥတ္တရသီရိတို့တွင် ဆက်လက် ဝန်ဆောင်မှုပေးခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဧရိယာဖြန့်ကြက်လာခဲ့သည်။ ဒီဇင်ဘာလအတွင်း၌ ဆက်သွယ်ရေးကွန်ရက် ထပ်မံဖြန့်ကြက်မည့် မျှော်မှန်းဧရိယာများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ကျုံပျော်၊ ဇလွန်၊ ညောင်တုန်း၊ ပန်းတနော်၊ ပုသိမ်၊ ဖျာပုံ၊ မအူပင်၊ မြန်အောင်၊ မြောင်းမြ၊ ဓနုဖြူ၊ ဒေးဒရဲ၊ ရေကြည်၊ ဟသ်တ၊ အင်ဝီးပူနှင့်အိမ်မဲ၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ရေတာရှည်၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ အုတ်တွင်း၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပြည်၊ ပေါင်းတည်၊ မင်းလှ၊ နတ်တလင်း၊ ရွှေတောင်၊ လက်ပံတန်း၊ သာယာဝတီ၊ သဲကုန်း၊ အုတ်ဖို၊ ကရင်ပြည်နယ်၌ ကော့ကရိတ်၊ ဘားအံ၊ မြဝတီ၊ မကွေးတိုင်းဒေသကြီး၌ ချောက်၊ စလင်း၊ ဆင်ပေါင်ဝဲ၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ မြိုင်၊ တောင်တွင်းကြီး၊ နတ်မောက်၊ ရေနံချောင်း၊ ရေစကြို၊ သရက်၊ အောင်လံတို့ဖြစ်သည်။ မွန်ပြည်နယ်၌ ကျိုက်မရော၊ ကျိုက်ထို၊ ပေါင်၊ ဘီးလင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ကန့်ဘလူ၊ ကောလင်း၊ ကျွန်းလှ၊ ခင်ဦး၊ ချောင်းဦး၊ စစ်ကိုင်း၊ ဆားလင်းကြီး၊ ပုလဲ၊ ဘုတလင်၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ဒီပဲယင်း၊ ရေဦး၊ ရွှေဘို၊ ယင်းမာပင်၊ ဝက်လက်၊ ဝန်းသိုသာစည်၊ အရာတော်၊ အင်းတော်၊ မန္တလေးတိုင်းဒေသကြီး၌ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ စဉ်ကိုင်၊ စဉ်ကူး၊ မြင်းခြံ၊ မြစ်သား၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သပိတ်ကျင်း၊ သာစည်နှင့် ရှမ်းပြည်နယ်၌ ကလော၊ ညောင်ရွှေ၊ ပင်တယ၊ တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ ဆီဆိုင်၊ မူဆယ်၊ နောင်ချို၊ လားရှိုး၊ သီပေါ တို့ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သိရသည်။ **(ဝ၀ဝ)**

သံတောင်ကြီး၌ စာစစ်ဌာနအသစ်ဖွင့်လှစ်

သံတောင်ကြီး နိုဝင်ဘာ ၂၈

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် သံတောင်ကြီးမြို့အခြေခံပညာအထက်တန်းကျောင်းတွင် စာစစ်ဌာနအသစ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ယင်းစာစစ်ဌာနကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဌာန အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနအသစ်အဖြစ် ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ အတွင်း သံတောင်ကြီးမြို့မှ ကျောင်းသားကျောင်းသူများသည် တောင်ငူစာစစ်ဌာနနှင့် ဘုရင့်နောင်စာစစ်ဌာနများသို့ သွားရောက်ဖြေဆိုခဲ့ရသည်။ ယခုလို စာစစ်ဌာနအသစ်အဖြစ် ခွင့်ပြုလိုက်သည့်အတွက် ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။ **(မြို့နယ် မြန်/ဆက်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်	ရွှေဈေး	၆၅၉၂၀၀	-	၆၆၀၂၀၀
မန္တလေး	ရွှေဈေး	၆၅၉၅၀၀	-	၆၆၀၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၈၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၀၂၈.၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၂၇၉.၉
(ဂ)	တရုတ်	တစ်ယွမ်	=	၁၆၇.၄၅
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၁.၃၃၂
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၇.၀၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆.၆၁၈
(ဆ)	ဂျပန်	တစ်ရာယန်း	=	၈၇၀.၅၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၃.၄၃၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၇၅.၄၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၉၁.၃၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အမှုထမ်းများ အခြေခံသမဝါယမသင်တန်းဖွင့်

မန္တလေး နိုဝင်ဘာ ၂၈ ။ ။ သမဝါယမဝန်ကြီးဌာန သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း အမှုထမ်းများ အခြေခံသမဝါယမ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် ကယားပြည်နယ်၊ ချင်းပြည်နယ်ရှိ သမဝါယမဦးစီးဌာနများမှ အကြီးတန်းစာရေး ၂၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး စာတွေ့လက်တွေ့ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွက်းလှအောင်(မန္တလေး)**

UNIQUE UNIQUE STAR TRAVELS & TOURS
TRAVELS & TOURS CO.,LTD.
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 29/Dec: 6,13,20,27/Jan:3,10 (300,000)
ကူမင်းသလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Nov: 29 / Dec: 13,27 / Jan:10,24 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
ဩစတြေးလျ စက်ဘူ+မလေး ဂျပန် ဟောင်ကောင် ဘူဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စက်ဘူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966.
708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

ပကတိ သတင်းကို ပြည်သူထံမျှဝေပေးသည့် သတင်းဂျာနယ်
Reality
အောင်ချိန်ဘွား၊ဆူးဂုက်၊ဆောင်းဝင်းလတ်၊ထက်ကျော်၊
မင်းမြတ်စံ၊စည်သူငြိမ်း၊ကောဇော်...တို့၏ အတွေးအရေး
Reality သတင်းဂျာနယ်မိုင်းတော်သားများ၏ သတင်းဦး သတင်းထူးများပြင့်...
ဦးဇေယျာကို(နကွတ်သိပ္ပံ)ဟောတဲ့
မြန်မာနိုင်ငံအတွက်
ပကတိနကွတ်ကံကြမ္မာ
ဟောချက်များ ပါဝင်သည်။
ပကတိ သတင်းဂျာနယ်
Reality
NEWS JOURNAL
ဗုန်း - ၀၁ ၃၈၄၃၃၉၊ ၃၈၄၃၃၀၀၊ ၃၈၄၃၇၄၀
အသစ်ရှိ ဆောက်ရေးနေတိုင်း ထွက်ပြီ

ပြည်တွင်းရေးရာ

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်ဆောင်ရွက်လာရေးနှင့် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr.Hadar S. Gumay နှင့် International IDEA မှ Head of Mission ဖြစ်သူ Mr.Thomas Cormier တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပို့)**

ထိုသို့တွေ့ဆုံရာ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ ဖွဲ့စည်းမှု၊ ကော်မရှင်၏လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲစနစ်နှင့် မဲစာရင်းပြုစုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ကော်မရှင်သို့ တာဝန်ပေးအပ်ထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲစနစ်နှင့် မဲစာရင်းပြုစုခြင်း၊ မဲပေးခြင်းတို့အား ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အင်ဒိုနီးရှားနိုင်ငံ၏ ကြိုတင်မဲပေးမှုစနစ်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ရွေးချယ်ခန့်ထားမှုစနစ်နှင့် ရွေးချယ်ခန့်ထားသည့်အချိန်ကာလ၊ ကော်မရှင်အဆင့်ဆင့် အဖွဲ့ဝင်များ၏ ခံစားပိုင်ခွင့်၊ ရွေးကောက်ပွဲကာလအတွင်းစီမံခန့်ခွဲမှု၊ မဲဆွယ်စည်းရုံးမှုကာလနှင့် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်ခဲ့သည့်ပြဿနာများ၊ ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းများအား မေးမြန်းခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကြိုတင်မဲပေးမှုနှင့်ပတ်သက်၍ ပြည်ပရောက်နိုင်ငံသားများအတွက် စာတိုက်မှမဲပေးသည့်စနစ်နှင့် ပြည်ပသံရုံးများတွင် မဲရုံဖွင့်လှစ်၍ မဲပေးခြင်းစနစ်ရှိပါကြောင်း၊ ပြည်တွင်း၌ ကြိုတင်မဲပေးမှုစနစ်မရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ အဖွဲ့ဝင်များခန့်အပ်ရာတွင် ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းခန့်အပ်ပါကြောင်း၊ မဲရုံအဖွဲ့ဝင်များ၏ ခံစားပိုင်ခွင့်အနေဖြင့် ရွေးကောက်ပွဲနေ့နှင့်ရွေးကောက်ပွဲကာလ ငါးရက်စာအတွက် ရူပီး ငါးသိန်းခံစားခွင့်ပြုပါကြောင်း၊ ရွေးကောက်ပွဲကာလ စီမံခန့်ခွဲမှုအနေဖြင့် ပါတီအချင်းချင်းမလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရန် ပါတီများ မဲဆွယ်စည်းရုံးရမည့် ရက်နှင့်နေရာအား ရွေးကောက်ပွဲကော်မရှင်နှင့်ပါတီများ တွေ့ဆုံဆွေးနွေးပြီး သတ်မှတ်ပေးပါကြောင်း၊ ရွေးကောက်ပွဲဥပဒေနှင့် ညီညွတ်မှုမရှိပါက ကော်မရှင်နှင့်သက်ဆိုင်သည့်ကိစ္စများကို ကော်မရှင်မှ ဆုံးဖြတ်ပြီးမသက်ဆိုင်သည့်ကိစ္စရပ်များကို Election Advisory Body မှ သက်ဆိုင်ရာတရားရုံးသို့တင်ပြ ဆုံးဖြတ်စေပါကြောင်း၊ ရွေးကောက်ပွဲရလဒ်အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှဆုံးဖြတ်ပါကြောင်း၊ မီဒီယာမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်းကို ကော်မရှင်က အချိန်ကာလသတ်မှတ်ပေးထားသော်လည်း ပါတီတချို့အနေဖြင့် TV Channel လိုင်းများအား လွှမ်းမိုးနိုင်မှုရှိသဖြင့် မဲဆွယ်စည်းရုံးရာ၌ ၎င်းတို့၏ ပါတီအတွက်အသုံးချပြီး ဥပဒေချိုးဖောက်မှုများရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် မီဒီယာကောင်စီနှင့် ညှိနှိုင်း၍ မီဒီယာကောင်စီမှ ပြည်သူများသို့ မီဒီယာကျင့်ဝတ်ချိုးဖောက်မှုအား ရှင်းလင်းပြောကြားကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွှန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့်ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဧည့်သည်တော်အဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်သည့် ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျု၊ မြန်မာရွေးကောက်ပွဲကွန်ရက်၊ ဖန်တီးအိမ်၊ Horn Bill နှင့် PACE အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲစာရင်းပြုစုခြင်းဆိုင်ရာကိစ္စရပ်များနှင့် မဲဆန္ဒရှင်များ ပညာပေးခြင်းလုပ်ငန်းများတွင် လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်ဆောင်ရွက်လာရေးနှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ

ကျန်းမာရေးဝန်ထမ်း အခြေခံသင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၂၈

အခြေခံဝန်ထမ်းကောင်းများ ရှိမှသာ ကျန်းမာရေးဝန်ကြီးဌာနအတွက် စွမ်းဆောင်ရည်မြင့်မားလာပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ဖော်ဆောင်နိုင်ရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အဓိကလိုအပ်သော လူစွမ်းအားအရင်းအမြစ်များကို ကျွမ်းကျင်မှုရရှိလာအောင် သင်တန်းများပေး၍ ရုံးလုပ်ငန်းများကို နားလည်သဘောပေါက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်လာနိုင်ရေးနှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြင့်တင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပသော လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာမှုအဆင့်မြှင့်တင်ပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသအောက်ခြေရှိ ပြည်သူလူထုအထိရရှိအောင် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း အမျိုးသားကျန်းမာရေးကော်မတီ၏ မူဝါဒရည်မှန်းချက်၊ ကျန်းမာရေးဝန်ကြီးဌာန ဖွဲ့စည်းပုံနှင့် ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်း ရုံးလုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များကို သင်ယူခဲ့ပြီးဖြစ်သည့်အတွက် ဝန်ထမ်းကောင်းများဖြစ်လာမည်ဖြစ်ကြောင်းကိုလည်း ပြောကြားသွားသည်။ **(ကြေးမုံ)**

ဗီယက်နမ်နှင့် ဖိလစ်ပိုင် ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးတက်

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းကကျင်းပရာ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီယက်နမ်အသင်းအတွက် သွင်းဂိုးများကို ဟောင်သီနို၊ မူမင်ထရန်နှင့် ဖန်သီလောင်တို့က သွင်းယူပေးခဲ့ပြီး ဖိလစ်ပိုင်အတွက် ချေပဂိုးကိုမူ ပေါလ်မူဒါက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းနှင့် လာအိုအသင်းတို့ ပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။အုပ်စု(က)ပွဲစဉ်များ အပြီးတွင် ဗီယက်နမ်က ရမှတ်ခုနှစ်မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်က ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့ပြီး အင်ဒိုနီရှားနှင့်လာအိုတို့မှာ ဆူဇူကီးဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ယနေ့ပွဲစဉ်များအဖြစ် မြန်မာနှင့်ထိုင်း၊ မလေးရှားနှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ရွှိုင်းထက်ဇော်)**

မြန်မာ-တရုတ် နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်သူ့တရားလွှတ်တော်ချုပ်တရားသူကြီး Hon.Mr.ZHANG Jiannan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေရေးဆွဲရေးဌာန၊ ဥပဒေအကြံပေးရေးဌာန၊ တရားစွဲနှင့်အမှုလိုက်ဌာန၊ စီမံရေးရာဌာန စသည့်ဌာနကြီး (၄)ခုဖြင့်ဖွဲ့စည်းထားရှိပြီး ယင်းဌာနများ၏ လက်အောက်တွင် ဌာနခွဲ(၂၀)ဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများ၊ ခရိုင်နှင့်မြို့နယ်ဥပဒေရုံးများ၊ ဥပဒေရေးရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဟန်ချက်ညီညီလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှေ့သို့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့်ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ရှေ့ဦးရာစုသစ် ၏ "December" "လင်းလက်တောက်ပ" အစီအစဉ်

၂၈-၁၁-၂၀၁၄ မှ ၃၁-၁၂-၂၀၁၄ ထိ

ဗုဒ္ဓဂါယာဘုရားဖူး ကံစမ်းမဲ ကုသိုလ်ပြုနေပါသည်။

ရတနာသည်သင့်အတွက်ထာဝရ

ရတနာစုလိုက

* **စိန်ဈေး** လက်ဝတ်ရတနာ ဒီဇိုင်းဆန်းများကို အလျော့တွက်၏ 10% မှ 25% အထိ လျော့ပေးငွေများအား **ငွေသားလက်ဆောင်** အဖြစ်ပေးပါမည်။
* **ရွှေဈေး** ဒီဇိုင်းအဆန်းများ အထူးအလျော့တွက်လျော့၍ ၂၀၁၄ နှစ်ကုန် လက်ဆောင်မွန်များနဲ့တကွ ရောင်းချပေးနေပါသည်။
* အလျော့တွက်လုံးဝမပါသော **နုံးဈေး** ပစ္စည်းကောင်းများအား ရတနာချစ်သူများစုဆောင်းနိုင်ရန် ရောင်းချပေးနေပါသည်။

ရှေ့ဦးရာစုသစ်

သို့ကြွခဲ့ပါ။

လင်းလက်တောက်ပသော **စိန်ဈေး** များ၏ ငွေသားလက်ဆောင်နဲ့တကွ ရယူနိုင်ရန် ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်ပါသည်။

အမှတ် (၆၈၁)၊ မဟာဗန္ဓုလလမ်း၊ ၂၃ - လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၇၃၂၀၂၅၂၂

အမေရိကန်တွင် ၁၈ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ လွှတ်တော်အမတ်ဖြစ်လာ

ဗာဂျီးနီးယား နိုဝင်ဘာ ၂၈

အမေရိကန်နိုင်ငံတွင် ၁၈ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူတစ်ဦးသည် အနောက်ဗာဂျီးနီးယားပြည်နယ်၏ ဥပဒေပြုလွှတ်တော် အမတ်တစ်ဦးဖြစ်လာခဲ့သည်။

အနောက်ဗာဂျီးနီးယားတက္ကသိုလ်တွင် ဘူမိဗေဒနှင့်စီးပွားရေးအထူးပြု ပထမနှစ်ကျောင်းသူတစ်ဦးဖြစ်သည့် ဆိုင်ရာဘလိုင်သည် ကျောင်းသင်ခန်းစာများ လေ့လာရင်း တစ်ဖက်ကလည်း သူ၏မဲဆွယ်စည်းရုံးရေးအတွက် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခဲ့သည်။ မဲဆွယ်စည်းရုံးခဲ့စဉ်တွင် အမေရိကန်ဒေါ်လာ ၄၀၀၀ နီးပါးသုံးစွဲခဲ့သည်။

ရီပတ်ဘလစ်ကန်တစ်ဦးဖြစ်သည့် ဆိုင်ရာဘလိုင်သည် အနောက်ဗာဂျီးနီးယားအရှေ့ပိုင်းရှိ ခရိုင်တစ်ခုကို ကိုယ်စားပြုလိမ့်မည်ဖြစ်သည်။ အသက် ၄၄ နှစ်အရွယ်ရှိ ၎င်း၏ပြိုင်ဘက်ဖြစ်သော ဒီမိုကရက်တစ်ပါတီဝင် မာတင်စ်ဘတ်ရှေ့နေ လေးနီးဗိုင်ဟယ်လ်ကို မဲအရေအတွက် ၆၃-၃၀ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။

လေးနီးဗိုင်ဟယ်လ်က အလယ်တန်းပညာရေးတိုးတက်စေရန်နှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်မည်ဟု မဲဆွယ်စည်းရုံးစဉ်က အဓိကထားပြောကြားခဲ့သည်။ မစ်ဆိုင်ရာဘလိုင်ကမူ လက်ရှိစီးပွားရေးလုပ်ငန်းများအတွက် ပေးသွင်းရသော လုပ်ငန်းဆိုင်ရာ အခွန်အခကောက်ခံမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း မဲဆွယ်စည်းရုံးခဲ့စဉ်က ကတိပြုပြောကြားခဲ့သည်။ သူသည် ကိုယ်ဝန်ဖျက်ချမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်မည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်တွင် ဥပဒေပြုလွှတ်တော်အမတ်ဦးရေ ၇၃၀၀ ကျော်ရှိသည့်အနက် ဆိုင်ရာဘလိုင်သည် အငယ်ဆုံးဥပဒေပြုလွှတ်တော်အမတ်ဖြစ်လာခဲ့သည်။

ဒေးလီးမေးလ်။

ရေနံထုတ်လုပ်မှုလျှော့ချခြင်းမပြုရန် အိုပက်ဆုံးဖြတ်

ဗီယင်နာ နိုဝင်ဘာ ၂၈

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် အစည်းအဝေး၌ ရေနံထုတ်လုပ်ရောင်းချသောအဖွဲ့ (အိုပက်) က ထုတ်လုပ်မှုကို လျှော့ချခြင်းမပြုရန် ဆုံးဖြတ်လိုက်ပြီးနောက် ရေနံဈေးနှုန်း ကျဆင်းခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိုပက်အထွေထွေအတွင်းရေးမှူး အဗွဒှုလာချ်ဆလင်း အဲလ်-ဘာဒရိက ၎င်းတို့သည် ရေနံထုတ်လုပ်မှု လျှော့ချခြင်းဖြင့် ရေနံဈေးနှုန်းကို ကျားကန်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ရေနံဈေးနှုန်း ကျဆင်းနေကြောင်း၊ ထို့အတွက် ၎င်းတို့က တစ်စုံတစ်ခုကို အလျင်အမြန် လုပ်ဆောင်မည် မဟုတ်ကြောင်း ၎င်းက ပြောသည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင် ဘရင့်ရေနံစိမ်းသည် အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိကြောင်း ကြေညာခဲ့ရာ တစ်စည်လျှင် ၇၂ ဒသမ ၈၂ ဒေါ်လာမှ ၇၂ ဒေါ်လာ အောက်သို့ ရောက်ရှိခဲ့သည်။ တစ်ရက်တည်းမှာပင် ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အမေရိကန် ဘင့်ချ်မက်သည် တစ်စည်လျှင် ၄ ဒသမ ၆၄ ဒေါ်လာ ကျဆင်းကာ ၆၉ ဒသမ ၀၅ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။

အိုပက်အဖွဲ့ဝင် ၁၂နိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ပထမ သဘောတူထားခဲ့သကဲ့သို့ပင် တစ်ရက်လျှင် စည်သုံးသန်းဆက်လက်ထုတ်ရန် သဘောတူညီခဲ့ကြသည်။

ဘီဘီစီ။

ဘာကီနာဟာဆို အသွင်ကူးပြောင်းရေးကော်မတီ ခေါင်းဆောင်သစ်ရွေးချယ်

အွာဂါဒူဝူ နိုဝင်ဘာ ၂၈

၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲများတိုင်အောင် လွှတ်တော်အခန်းကဏ္ဍမှပါဝင်မည့် ဘာကီနာဟာဆိုနိုင်ငံ၏ အမျိုးသားအသွင်ကူးပြောင်းရေးကော်မတီကိုဦးဆောင်ရန် "Bendre" သတင်းစာတည်ထောင်သူနှင့် ပြုတ်ကျသွားသည့် ကွန်ပါအိုရီအစိုးရကို ဝေဖန်မှုကြောင့် ထင်ရှားသူ မီဒီယာလုပ်ငန်းရှင် ရှီရစ်ဖ်မော်မီနာဆိုင်အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ကွန်ပါအိုရီအစိုးရကို ဆန့်ကျင်သူ ၃၀၊ အရပ်ဘက်အဖွဲ့အစည်းမှ ၂၅ဦး၊ ယခင်အာဏာရပါတီမှ ၁၀ ဦးနှင့် စစ်တပ်မှ ၂၅ ဦးပါဝင်သည့် အဖွဲ့ဝင် ၉၀ပါ အသွင်ကူးပြောင်းရေးကော်မတီသည် အဆိုပါရွေးချယ်ပွဲသို့ တက်ရောက်ခဲ့သည်။ ပထမဆုံးအစည်းအဝေးကို ဘာကီနာဟာဆိုနိုင်ငံ မြို့တော်ရှိ ဟိုတယ်တစ်ခု၌ ဝန်ကြီးချုပ် ယာကူဘာအိုက်ဆက်ဇီဒါ၊ အစိုးရအဖွဲ့ဝင်များနှင့် သံတမန်အဖွဲ့ ကိုယ်စားလှယ်များတက်ရောက်မှုဖြင့် ကျင်းပခဲ့သည်။ ယခင်လွှတ်တော်အဆောက်အအုံမှာ ကွန်ပါအိုရီအား ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်ရန် ခွင့်ပြုထားသည့် ဥပဒေတစ်ရပ်အား မဲပေးခဲ့သည့် လွှတ်တော်အမတ်များကို ဆန့်ကျင်သည့် ဆန္ဒပြသူများက ဖြိုချပစ်ခဲ့ကြသည်။

အသွင်ကူးပြောင်းရေးကော်မတီဥက္ကဋ္ဌသစ်ဖြစ်သူ မော်မီနာက ကွန်ပါအိုရီအစိုးရပြိုလဲသွားစေသည့် ထင်ရှားသည့် ဆန္ဒပြမှုများ ဖြစ်ပွားနေစဉ်အတွင်း အသက်သေဆုံးခဲ့သည့် အာဇာနည်များကို ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ကြာ ငြိမ်သက်ရန် တိုက်တွန်းခဲ့ပြီး တိုင်းပြည်အနာဂတ်ကောင်းမွန်ရေးအတွက် ကြိုးစားလုပ်ဆောင်ရန် မေတ္တာရပ်ခံကာ ဘာကီနာဟာဆို အကျပ်အတည်းဖြေရှင်းရေးတွင် ပါဝင်ခဲ့သည့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အခန်းကဏ္ဍကို ကြိုဆိုလိုက်သည်။

ဆင်ဟွာ။

ကက်ရှ်မီးယားတွင် အိန္ဒိယတပ်နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်

နယူးဒေလီ နိုဝင်ဘာ ၂၈

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန် စစ်သွေးကြွများဟု ယူဆရသော သေနတ်သမားများအကြား တိုက်ပွဲဖြစ်ပွားရာ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ကြောင်း ဘီဘီစီက ဖော်ပြသည်။

အိန္ဒိယအုပ်ချုပ်သည့် ကက်ရှ်မီးယားရှိ ဂျန်မူးဒေသတွင် ကြည်းတပ်က အသုံးမပြုတော့သည့် ကတုတ်ကျင်းများအတွင်းသို့ သေနတ်သမားများ စိမ့်ဝင်လာခဲ့ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတင်းများအရ သေဆုံးသူများတွင် အရပ်သားသုံးဦး ပါဝင်သည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ကက်ရှ်မီးယားမှ ဒေသတစ်ခုကို နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ကြောင်း ကြေညာခဲ့ကြပြီး ယင်းဒေသတွင် စစ်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။

ကြာသပတေးနေ့တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲသည် အာနီယာမြို့ရှိ အိန္ဒိယ၏ စခန်းတစ်ခု၏ အနီးတွင် ဖြစ်သည်။

စစ်သွေးကြွငါးဦးသည် အသုံးမပြုတော့သည့် ကတုတ်ကျင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြကြောင်း ဂျန်မူးမှ ရဲအရာရှိတစ်ဦးက ဘီဘီစီသို့ ပြောသည်။

ဒေသခံများက နယ်ခြားစောင့်တပ်ကို အကြောင်းကြားပြီးနောက် အိန္ဒိယတပ်ဖွဲ့များက ယင်းနယ်မြေကို ဝိုင်းရံလိုက်ကြောင်း၊ တိုက်ပွဲမှာ ခန့်မှန်းခြေ ခြောက်နာရီခန့်ကြာမြင့်ခဲ့ကြောင်း ၎င်းရဲအရာရှိက ပြောသည်။

ပါကစ္စတန်နယ်စပ်မှ နှစ်မိုင်သာကွာဝေးသော ယင်းနယ်မြေမှ အရပ်သားများကို လွှဲပြောင်းပေးပြီး စာသင်ကျောင်းများကို လည်း ပိတ်ထားလိုက်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဘီဘီစီ။

ဂျပန်နိုင်ငံတွင် အေဆိုမီးတောင် ပေါက်ကွဲမှုကြောင့် လေကြောင်းလိုင်းများ အခက်တွေ့

တိုကျို နိုဝင်ဘာ ၂၈

ဂျပန်နိုင်ငံ တောင်ပိုင်းရှိ မီးတောင်တစ်လုံးသည် နိုဝင်ဘာ ၂၈ ရက်တွင် လွန်ခဲ့သည့် ၂၂ နှစ်အတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လေကြောင်းလိုင်းများ ဖျက်သိမ်းခဲ့ပြီး မီးတောင်ဝအနီးတစ်ဝိုက်မှ ရှောင်တိမ်းနေကြရန်လည်း သတိပေးမှုများပြုလုပ်လျက်ရှိသည်။

ဂျပန်မိုးလေဝသဌာနက အေဆိုမီးတောင်သည် ချော်ရည်ပူများနှင့် မီးခိုးပြာမှုန်များကို ကောင်းကင်သို့ အမြင့်ပေ ၃၂၈၀ခန့်အထိ မှုတ်ထုတ်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ မီးတောင်နှင့် အနီးဆုံး ကူမာမိုတိုမြို့မှ လေကြောင်းလိုင်း၁၆ခုပေါင်းများစွာ ဖျက်သိမ်းခဲ့ရသည်။

ဂျပန်မိုးလေဝသဌာနက အဆိုပါမီးတောင်ပေါက်ကွဲမှုသည် ယခုထက်အခြေအနေပိုဆိုးလာစရာ အကြောင်းမရှိဟု မျှော်လင့်ထားသည်။ အေဆိုမီးတောင်သည် တိုကျိုမြို့အနောက်တောင်ဘက် ၆၂၅ မိုင်အကွာ ကျူရှူးကျွန်းပေါ်တွင်တည်ရှိပြီး ကမ္ဘာ့အကြီးဆုံးမီးတောင်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် နောက်ထပ်မီးတောင်တစ်ခုဖြစ်သော အွန်တာကီမီးတောင်ပေါက်ကွဲမှုကြောင့် တိုကျိုမြို့အနောက်ဘက် နာဂနိုမြို့တွင် စက်တင်ဘာလနှောင်းပိုင်းက လူ ၅၀ ကျော်သေဆုံးခဲ့ရသည်။

အေပီ။

ပြည်တွင်းရေးရာ

နှစ်နိုင်ငံဆက်ဆံရေးကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး၊ ဖြစ်နိုင်ခြေရှိသော သင်တန်းဆိုင်ရာနယ်ပယ်များတွင် ပါဝင်လေ့ကျင့်ရေး၊ အပြန်အလှန်လည်ပတ်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်း၊ ညနေပိုင်းနှင့် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတို့တွင် ခေတ္တအခြေပြုရာ Melia Hotel (မာလီရာဟိုတယ်)ရှိ ဧည့်ခန်းမဆောင်များ၌ 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15) အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံနိုင်ငံများအနက်မှ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Udomdej Sitabutr၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt.Gen. Nguyen Quoc Khanh(ဌရင်ကွတ်ခမ်း)၊ ဖိလစ်ပိုင်တပ်မတော်ကြည်းတပ်ဦးစီးချုပ် Lt.Gen.Hernado DCA Iriberri AFP ၊ ဘရူနိုင်းနိုင်ငံ တော်ဝင်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Brigadier General Dato Seri Pahlawan Haji Yussof Bin Haji Abd Rahman၊ ကမ္ဘောဒီးယားနိုင်ငံ တော်ဝင်တပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် General Meas Sophea၊ လာအိုနိုင်ငံပြည်သူ့တပ်မတော်ကြည်းတပ်ဦးစီးချုပ် Brigadier General Khamlieng Outhakasone၊ စင်ကာပူနိုင်ငံတပ်မတော် ကြည်းတပ်ဦးစီးချုပ် Maj.Gen. Perry Lim Cheng Yeow တို့အား နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး၊ ဖြစ်နိုင်ခြေရှိသော သင်တန်းဆိုင်ရာနယ်ပယ်များတွင် ပါဝင်လေ့ကျင့်ရေး၊ အပြန်အလှန်လည်ပတ်နိုင်ရေးတို့အား ဆွေးနွေးခဲ့သည်။

ထို့နောက် နိုဝင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ခေတ္တအခြေပြုရာ Melia Hotel ၌ ကျင်းပသော ဗီယက်နမ်ပြည်သူ့တပ်မတော်ဒုတိယစစ်ဦးစီးချုပ် Lt.Gen.Nguyen Quoc Khanh နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ 15th ASEAN Chiefs of Army Multilateral Meeting(ACAMM-15) အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt.Gen.Nguyen Quoc Khanh က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်ဇနီးများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Udomdej Sitabutr တို့ အထိမ်းအမှတ်တံဆိပ်လက်ဆောင်ပစ္စည်းများအား အပြန်အလှန်ပေးအပ်စဉ်။ (မြဝတီ)

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ရိုးရာယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာ-ဂျပန် နှစ်နိုင်ငံပို့ဆောင်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

မန္တလေး နိုဝင်ဘာ ၂၈

(၂၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် နိုဝင်ဘာ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင်ကျင်းပရာ နိုင်ငံအလိုက် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးများကိုလည်း သီးခြားစီဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပို့ဆောင်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်မင်းကွန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဘာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် သက်ဆိုင်ရာ အရာရှိကြီးများ၊ ဂျပန်နိုင်ငံဘက်မှ Ministry of Land, Infrastructure, Transport and Tourism မှ ဒုတိယဝန်ကြီး Mr. Kazuhiki Aoki နှင့် ပို့ဆောင်ရေးဆိုင်ရာအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ပို့ဆောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဂျပန်နိုင်ငံဘက်မှ ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(ကြေးမုံ)

အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဒုတိယနေ့ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၈

အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီခွဲက မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် အာဆီယံနိုင်ငံ အသီးသီးမှ ပို့ဆောင်ရေးဝန်ကြီးများ၊ သက်ဆိုင်ရာပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

(၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် အာဆီယံ-တရုတ် လေကြောင်းဆိုင်ရာ သဘောတူချက်များ၊ အာဆီယံ-တရုတ်ရေကြောင်းဆိုင်ရာ သဘောတူချက်များ၊ အာဆီယံ-တရုတ် ရေကြောင်းဆိုင်ရာ ညှိနှိုင်းရေးလုပ်ငန်းစဉ် ယန္တရားကိစ္စရပ်များနှင့် ၂၀၁၅ ခုနှစ်အတွက် အာဆီယံ-တရုတ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ မှတ်တမ်းများကို သုံးသပ်အတည်ပြုခြင်း၊ အာဆီယံ-ဂျပန်ပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို ဆွေးနွေးခြင်းနှင့် ဝန်ကြီးအဆင့် ထုတ်ပြန်ချက်များကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် (၆)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ မှတ်တမ်းများကို သုံးသပ်အတည်ပြုခြင်းနှင့် ဝန်ကြီးအဆင့် ထုတ်ပြန်ချက်များ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ (ကြေးမုံ)

○ မသန်စွမ်းမှ

မသန်စွမ်းသူများအား ပိုမိုသိရှိနားလည်နိုင်စေရန် ရန်ကုန်-မန္တလေးခရီးရှည်ဝိုးချဲစွမ်းရည်လက်တွန်းဖြင့် ပြသရာ မိတ္ထီလာမြို့မှ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့၍ အလျှုရှင်များက ရေသန့်ဘူးများ၊ အအေးများဖြင့် ကားလမ်းတစ်လျှောက် ဝေဒေခဲ့ကြောင်း သိရသည်။

အဆိုပါ မသန်စွမ်းအားကစားလက်တွန်းအဖွဲ့များသည် မိတ္ထီလာမြို့ နဂါးရုံကျောင်းတိုက်တွင် ညအိပ်ရပ်နားရာ မသန်စွမ်းအားကစားလက်တွန်းအဖွဲ့နှင့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲ၌)တို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊NGOအဖွဲ့များက အလှူငွေများပေးအပ်ခဲ့ပြီး ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲ၌)မှ ညပိုင်းတွင် တေးဂီတဖြင့်ဖျော်ဖြေ၍ နောက်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



သရေခေတ္တရာ(သို့)မဟုတ် တင့်တယ်စည်ပင်သောမြေ

ရှေးဟောင်းသုတေသနတူးဖော်ချက် အစီရင်ခံစာများ၊ ခေတ်ပြိုင်နှင့်ခေတ်လွန် သမိုင်းမှတ်တမ်းများ၊ ပညာရှင်အသီးသီးတို့၏ စနစ်တကျ ကွင်းဆင်းလေ့လာချက်များနှင့် ၎င်းတို့၏ ကြံဆချက်များအရ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ်တွင် တည်ရှိခဲ့သော ရှေးဟောင်းသရေခေတ္တရာမြို့တော်ကြီးသည် ခရစ်တော်ပေါ်ပြီး လေးရာစုမှ ကိုးရာစုအထိ အရှေ့တောင်အာရှ၌ ထင်ရှားကျော်ကြားခဲ့သည့် ပျူအင်ပါယာကြီး၏ မြို့တော်ကြီးအဖြစ် ရပ်တည်ခဲ့ကြောင်း ခိုင်ခိုင်မာမာသိရှိရပါလေသည်။ တစ်နည်းအားဖြင့် ရှေးဟောင်းပျူလူမျိုးများသည် မြို့တော်သရေခေတ္တရာကို အခြေပြုပြီး အတော်အသင့်ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်တစ်ခုကို တည်ဆောက်ခဲ့ကြသည်ဟုဆိုရပါမည်။ ယင်းသည် မြန်မာ့မြေပေါ်၌ ပထမဆုံးပေါ်ပေါက်ခဲ့သော ပြည်ထောင်စု (Union) ကြီးလည်းဖြစ်လေသည်။

သရေခေတ္တရာမြို့တော်အခြေပြု ပျူနိုင်ငံတော်သည် အိန္ဒိယနှင့်တရုတ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော ဒေသတစ်ခုဖြစ်ခဲ့ပြီး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်သာမက မလေးကျွန်းဆွယ်ရှိ နိုင်ငံများအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့်ပါ ကုန်သွယ်ရေးအခြေပြုဆက်ဆံရေးများ ရှိခဲ့သည်။ ဆက်သွယ်ရေးအနေဖြင့် ကုန်းကြောင်းခရီးသာမက ပင်လယ်ရပ်ခြားရေလမ်းခရီးများနှင့်ပါ ကူးလူးဆက်သွယ်မှုများရှိခဲ့သည်ဟု ဆိုပါသည်။

သရေခေတ္တရာမြို့တော်ကြီးသည် မြို့ဝိုင်း (Circular walled city) ဖြစ်ပြီး မြို့ရိုးအလျားမှာ ၈ မိုင်နှင့် ၅ ဖာလုံခန့်ရှိသည်။ မြို့ရိုးကို အပြင်ဘက်မှပတ်၍ လျှောက်မည်ဆိုလျှင် တစ်ရက်ခရီး (one-day-stage) ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

သရေခေတ္တရာမြို့တော်သည် ၁၈ ဒသမ ၈ ကီလိုမီတာ(စတုရန်း ၅ မိုင်ခွဲ)ခန့် ကျယ်ဝန်းပြီး ပုဂံနှင့်မန္တလေးမြို့တော်အပါအဝင် မြန်မာနိုင်ငံတွင် ထွန်းကားပေါ်ပေါက်ဖူးခဲ့သမျှ ရှေးမြို့တော်ဟောင်းများအနက် အရွယ်အစားပမာဏ အကြီးဆုံးဖြစ်သည်။ ယင်းနှင့်ခေတ်ပြိုင်ပေါ်ထွန်းခဲ့သည့် ပျူရှေးဟောင်းမြို့တော် ဗိသာနိုးသည် သရေခေတ္တရာ၏ သုံးပုံနှစ်ပုံနီးပါးသာ ကျယ်ဝန်းပြီး ဟန်လင်းသည် သရေခေတ္တရာ၏ သုံးပုံတစ်ပုံခန့်သာ ကျယ်ဝန်းပါသည်။

ကျယ်ဝန်းလှသော သရေခေတ္တရာမြို့တော်၏ မြို့ရိုးတစ်လျှောက်တွင် မြို့တံခါးပေါက်ကြီး ၁၂ ပေါက်ရှိခဲ့ပြီး ယင်းတို့ထဲမှ နဂါးတွန့်တံခါးပေါက်၊ နတ်ပေါက် တံခါးပေါက်၊ တွင်းပြဲ တံခါးပေါက်၊ မုဠောတံခါးပေါက်၊ သာယာဝတီ တံခါးပေါက်၊ ဘီလူးမ တံခါးပေါက်၊ ရဟန္တာ တံခါးပေါက်၊ လုလင်ကျော် တံခါးပေါက်၊ မှုတ်ရှည် တံခါးပေါက်နှင့် ရွှေတံခါးပေါက်တို့ကို ယနေ့တိုင် တွေ့မြင်ရနိုင်ပါသေးသည်။

သရေခေတ္တရာသည် အင်ပါယာနိုင်ငံတော်အဖြစ်သို့ ရောက်ရှိလာသော အခါ ဗိသာနိုး၊ ဟန်လင်း၊ သီပေါနှင့် မိုင်းမောအပါအဝင် ယခင်ကပျူမြို့ပြနိုင်ငံများဖြစ်ခဲ့ဖူးသော ဒေသများသည် ပျူတပ်မြို့ ကိုးမြို့ဖြစ်လာခဲ့သည်ဟု ဆိုပါသည်။ ပျူတို့၏ နေရပ်ဒေသအဖြစ် ဒေသပေါင်း ၂၉၈ ခု မြန်မာ့မြေတစ်နံတစ်လျှား၌ ပျံ့နှံ့တည်ရှိခဲ့သည်။

ခေတ်ပြိုင်တရုတ်မှတ်တမ်းများအရ သရေခေတ္တရာ ပျူနိုင်ငံတော်သည် အကျယ်အဝန်းအားဖြင့် အရှေ့အနောက် မိုင်ပေါင်း ၁၀၀၀ ခန့်ရှိပြီး တောင်-မြောက် မိုင်ပေါင်း ၁၂၀၀ မှ ၁၇၀၀ ခန့်အထိ ရှိနိုင်သည်။ ယင်းသည် အရှေ့ဘက်တွင် ခမာ(ကမ္ဘောဒီးယား) အင်ပါယာနှင့်လည်းကောင်း၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့်လည်းကောင်း၊ မြောက်ဘက်တွင် နန်စောနိုင်ငံနှင့်လည်းကောင်း ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ပင်လယ်ရှိသည်ဟု တရုတ်ပညာရှင်များက မှတ်တမ်းတင်ထားခဲ့ပါသည်။

ယုံကြည်ကိုးစားလောက်သည့် တရုတ်မှတ်တမ်းများအရပင် သရေခေတ္တရာ ပျူနိုင်ငံသည် အပြန်အလှန်သံတမန်ဆက်သွယ်မှု၊ ကူးလူးဆက်ဆံမှုပြုလုပ်သောနိုင်ငံ ၂၀ ရှိပြီး ပျူတို့၏ လက်အောက်ခံနိုင်ငံ ၁၈ နိုင်ငံရှိခဲ့သည်ဟု သိရသည်။

အတော်အသင့် ကြီးမားကျယ်ပြန့်ပြီး အင်အားကောင်းသော အင်ပါယာတစ်ခုကို အန်ကောအခြေပြု ခမာအင်ပါယာကြီး(၉ ရာစုမှ ၁၅ ရာစုထိ) မပေါ်ပေါက်မီ နှစ်ပေါင်းများစွာစောလျှင် တည်ထောင်ခဲ့ကြသော ပျူတို့သည် တိဘက်-ဗမာ(Tibeto Burman) မျိုးနွယ်စုတွင်ပါဝင်ပြီး ဗမာတို့နှင့်မျိုးနွယ်အားဖြင့်သာမက ဘာသာစကားအားဖြင့်လည်း နီးနွယ်နေပေသည်။ ထို့အပြင် သရေခေတ္တရာပျူတို့သည် အရှေ့တောင်အာရှ၌ ထေရဝါဒဗုဒ္ဓသာသနာကို အစောဆုံးလက်ခံကျင့်သုံးခဲ့ကြသူများဟုလည်း ဆိုနိုင်မည်ထင်ပါသည်။

သရေခေတ္တရာဒေသ၌ ယနေ့တိုင် ထင်ထင်ရှားရှား တွေ့မြင်ဖူးမြော်နေကြရသော စေတီတော်ကြီးများနှင့် ဂူဘုရားများသည် သရေခေတ္တရာမြို့တော်ကြီး ပျက်စီးပြီး နှစ်ပေါင်းများစွာကြာပြီးမှ စည်ပင်ဖွံ့ဖြိုးလာခဲ့ရသော ပုဂံပြည်မှ ပုဂံသူ၊ ပုဂံသားတို့ အတုယူတည်ဆောက်ကြရသည့် ရှေ့ပြေးပုံစံများ (Prototypes) ဖြစ်ခဲ့ကြသည်ဟု သံသယကင်းစွာမှတ်ယူနိုင်မည်ထင်ပါသည်။

မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ထေရဝါဒစေတီတော်ကြီးများဖြစ်သည့် ဘောဘောကြီး၊ ဘုရားကြီး(ဖယေကြီး)၊ ဘုရားမာ(ဖယမာ)အစရှိသည့် ထုထည်အားဖြင့် ကြီးမားပြီး ဗိသုကာဟန်ပန်အားဖြင့် ထူးခြားလှပသော စေတီတော်ကြီးများ အပါအဝင် အခြားစေတီ၊ ပုထိုး၊ ဂူဘုရားများစွာသည် ရှေးဟောင်းသရေခေတ္တရာဒေသ၏ စီးပွားဖွံ့ဖြိုးခဲ့ပုံ၊ ဘေးကင်းလုံခြုံခဲ့ပုံနှင့် ဘာသာသာသနာထွန်းကားခဲ့ပုံတို့ကို ဖော်ပြနေသည့် ခိုင်လုံသော သက်သေအထောက်အထားများပင်ဖြစ်ပေသည်။

ရှေးဟောင်းသရေခေတ္တရာဒေသ၏ စည်ပင်ဖွံ့ဖြိုးမှုသည် မတော်တဆတိုက်ဆိုင်အဆင်ပြေသွားခြင်းမျိုး မဟုတ်နိုင်ပါချေ။ ဒေသသမ္ဘတ္တိဟု ဆိုနိုင်သည့် တည်ရာဒေသ၏ သင့်တင့်လျောက်ပတ်မှုနှင့် တောင်အာရှ (South Asia)၊ အရှေ့အာရှ (East Asia) နှင့် အရှေ့တောင်အာရှ (Southeast Asia) တို့၏ ကုန်သွယ်ရေးလမ်းကြောင်း (Trade route) တွင် အရေးပါသော ဗဟိုချက်မနေရာတွင် ရှိနေမှုတို့အပြင် အဓိကအားဖြင့် ရှေးဟောင်းသရေခေတ္တရာပျူတို့၏ မြေအရင်းအမြစ်နှင့် ရေအရင်းအမြစ်တို့ကို ကောင်းစွာစီမံခန့်ခွဲနိုင်မှုကြောင့် ဖြစ်မည်ထင်ပါသည်။

မြောက်ဘက် မိုင် ၁၀၀ ခန့်ဝေးသော ဗိသာနိုး(တောင်တွင်းကြီး) ဒေသမှ မဟာဗျူဟာမြောက် ဆုတ်ခွာမှု (Strategic withdrawal) ပြုလုပ်လာခဲ့သော ပျူတို့သည် သူတို့၏ မြို့တော်သစ်ဖြစ်လာမည့် မြေနေရာကို စိတ်ကြိုက်ရွေးချယ်ခဲ့ကြဟန်တူပါသည်။ တိရစ္ဆာန်မြစ်(ပျူမြစ်)ဟု ထိုစဉ်အခါက ခေါ်ဝေါ်ခဲ့ကြသည့် ဧရာဝတီမြစ်ကြီးနှင့် မလှမ်းမကမ်း ငါးမိုင်ခန့်ကွာဝေးပြီး မြေဆီလွှာကောင်းကာ ညီညာပြန့်ပြူးသော နဝင်းချောင်းလွင်ပြင် (Nawin valley) ကို သူတို့ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

မြို့တော်ကို ဧရာဝတီမြစ်ကမ်းဘေး၌ မတည်ဆောက်ခဲ့ခြင်း၏ အဓိက အကြောင်းမှာ ကာကွယ်ရေးအကြောင်းပြချက် (Defensive reason) ကြောင့်ဟု မလွဲမသွေ ကောက်ချက်ချနိုင်ပါသည်။ မြစ်မကြီး၏ဘေးတွင်ရှိနေသော မြို့တော်တစ်ခုသည် ရန်သူ၏လွယ်လင့်တကူ ဝင်ရောက်တိုက်ခိုက်နိုင်မှုကို လမ်းဖွင့်ပေးထားသလို ရှိနေပါလိမ့်မည်။

ဧရာဝတီမြစ်မကြီးနှင့် နီးစပ်ရာကိုရှောင်ကွင်းပြီး ယင်း၏ လက်တက်တစ်ခုဖြစ်သည့် နဝင်းချောင်းအနီးတွင် မြို့နေရာကို ရွေးချယ်ခဲ့ခြင်းအတွက် ဒုတိယအကြောင်းပြချက်တစ်ခု ရှိနိုင်ပါသေးသည်။

သရေခေတ္တရာပျူတို့အတွက် လယ်ယာစိုက်ပျိုးရေးမှာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် မရှိမဖြစ်အရေးပါသော ရေအရင်းအမြစ်ကို ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ကိုင်တွယ်နိုင်မှုက သူတို့အတွက် အရေးကြီးသည်။ ဧရာဝတီမြစ်ကြီး၏ အရွယ်အစားနှင့်အနေအထားသည် ပျူတို့၏ ကိုင်တွယ်ထိန်းချုပ်မှု အတိုင်းအတာကို မျှားစွာကျော်လွန်နေသည်ဟု ဆိုရပါမည်။ ဧရာဝတီမြစ်မကြီးကို အခြေပြုသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမျိုးလုပ်ဆောင်မည်ဆိုပါကလည်း ရုတ်တရက်ရေလွှမ်းမိုးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုး ပေါ်ပေါက်ပြီး အကြီးအကျယ်ဆုံးရှုံးမှုဖြစ်နိုင်သည်။

နဝင်းချောင်းသည်မူ မြစ်ငယ်တစ်စင်း၏ အရွယ်အစားမျှသာရှိပြီး မိုးတွင်းကာလ၌ ရေပြည့်ရေလျှံစီးဆင်းတတ်သော်လည်း နွေအခါ၌ ရေပမာဏနည်းနည်းဖြင့် ငြိမ့်ငြိမ့်ညောင်းညောင်း စီးဆင်းတတ်သော ချောင်းအမျိုးအစားဖြစ်ရာ ယင်းသည်ရှေးဟောင်းပျူတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် ရေအရင်းအမြစ်ကို နိုင်နိုင်နင်းနင်း ဇက်ချုပ်ထိန်းကျောင်းနိုင်သော အရွယ်အစားနှင့် အနေအထားမျိုးရှိနေသည်။

သည်လိုဖြင့် သရေခေတ္တရာပျူတို့သည် နဝင်းချောင်းနှင့် ယင်း၏ချောင်းလက်တက်တစ်ခုဖြစ်သည့် 'လော့သော့ချောင်း' အပါအဝင် ပဲခူးရိုးမ၏ တောင်စဉ်၊ တောင်ဆက်များတွင် မြစ်ဖျားခံလာသော ချောင်းမြောင်းတို့၏ ရေစီးဆင်းနှုန်းကိုလျှော့ချခြင်း (Slowing down the rate of flow)၊ ရေလမ်းကြောင်းလွှဲပေးခြင်း (Diverting)၊ ရေသိုလှောင်ခြင်း (Storing) နှင့် ရေဖြန့်ဖြူးပေးခြင်း (Distributing) စသည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု (Management of water)လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ဆည်၊ မြောင်း၊ တာတမံများ တည်ဆောက်ခဲ့ကြသည်။ ဤနည်းအားဖြင့် သရေခေတ္တရာမြို့တော်အတွင်း၌သာမက မြို့တော်၏ အနီးဝန်းကျင်ရှိကျေးရွာနှင့် စိုက်ခင်းဒေသများကိုပါ ဆည်၊ မြောင်း၊ ချောင်း၊ ကန်တို့ ကွန်ရက်ယှက်စေခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံမှ ရှေးဟောင်းခမာတို့သည် 'တုန်လီဆက်' (Tonle Sap) ရေအိုင်ကြီးကို အခြေပြုသည့် ရေသွင်းရေထုတ်စနစ်ကြီးတစ်ရပ် (Irrigation system) ကို ထူထောင်ပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကိုအကြီးအကျယ်ဖွံ့ဖြိုးစေကာ အုံ့မခန်းကြီးကျယ်ခမ်းနားသည့် အန်ကောဝပ်ကျောင်းတော်ကြီးတည်ရှိရာ အန်ကောမြို့တော်ကြီးနှင့် ခမာအင်ပါယာကြီးကို ထူထောင်နိုင်ခဲ့ကြသလိုပင် သရေခေတ္တရာပျူတို့သည် အဆိုပါ အန်ကောခေတ် (Angkorian period) ထက် နှစ်ပေါင်းရာချီ၍ စောသော ကာလတစ်ခု၌ နဝင်းချောင်းလွင်ပြင်တွင် ရေအရင်းအမြစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ စီမံခန့်ခွဲခြင်းဖြင့် လယ်ယာစိုက်ပျိုးစီးပွားရေးကို အကြီးအကျယ်ဖြစ်ထွန်းစေကာ သရေခေတ္တရာမြို့တော်အခြေပြု ပျူအင်ပါယာတစ်ခုကို တည်ဆောက်ခဲ့ကြသည်ဟု ဆိုရပါလိမ့်မည်။

ရှေးဟောင်းသရေခေတ္တရာသားတို့အတွက် ရေသည် စီးပွားဖွံ့ဖြိုးရေး၏ အဓိကမောင်းနှင်အားဖြစ်ခဲ့သလို လူတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေနှင့် ကူးသန်းသွားလာရေးအတွက်ပါ အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထိုထက်ပို၍ စိတ်ဝင်စားစရာကောင်းသော အချက်တစ်ချက်မှာ သရေခေတ္တရာပျူတို့သည် ရေကို ရန်သူတို့အား ခုခံကာကွယ်ရာ၌ အတားအဆီးလက်နက်တစ်ခုအနေဖြင့် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ပညာရှင်ဆရာမကြီး၏ အယူအဆအရ ယင်းရေစီးဆင်းမှုစနစ် (Hydraulic System) မှာ (တောင်ဘက်မှ မြောက်ဘက်သို့ ဆင်ခြေလျှောဖြစ်နေသည့် ထူးခြားသော ပထဝီအနေအထားအရ) မြေဆွဲအား (Force of gravity) ကို ရှေးဟောင်းပျူတို့ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခဲ့မှုပင်ဖြစ်ပါသည်။ ဤသို့ နန်းတော်ကို ဗဟိုပြုပြီး မြို့တော်ကို လက်ယာရစ်တိုင်းပုံရစ်ခွေ စီးဆင်းမှုကို ဖန်တီးခဲ့ခြင်းမှာ ဘာသာရေးဆိုင်ရာသင်္ကေတ (Religious symbol) ကို ဖော်ကျူးလိုခြင်းကြောင့်လည်း ဖြစ်နိုင်ကောင်းသည်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် စက်ပိုင်းပုံသည် ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဝါဒတို့တွင် အရေးပါသော သင်္ကေတတစ်ခုဖြစ်ပြီး အထူးသဖြင့် ဘီးသဏ္ဌာန် (Wheel form) သည်ဗုဒ္ဓဘာသာတွင် ရှင်တော်မြတ်ဗုဒ္ဓ ပထမဦးဆုံးဟောကြားတော်မူသည့် "ဓမ္မစက္ကြာတရားတော်"ကို ညွှန်းဆိုသောကြောင့်ဖြစ်လေသည်။

ဘုရင့်နန်းတော်ကို အလယ်ဗဟိုတွင်ထားပြီး မြို့တော်၏ တံတိုင်းကို လှည်းဘီးပုံအဝိုင်းသဏ္ဌာန်ရှိစေခြင်း၊ မြို့တော်တစ်ခုလုံးကို စက်ဝိုင်းပုံ လက်ယာရစ် ရေရစ်ခွေစီးဆင်းစေရန် ဖန်တီးခဲ့ခြင်းတို့သည် ဗုဒ္ဓဘာသာကျမ်းဂန်များလာ "စက္ကြဝဠာ"ကို ကိုယ်စားပြုလိုခြင်းလည်း ဖြစ်နိုင်ကောင်းသည်ဟု တွေးထင်ရပါသည်။ အစဉ်အလာ စက္ကြဝဠာအယူအဆကို အခြေခံသည့် မြို့တော်တည်ဆောက်မှုပုံစံ (Layout of City) ကို ကမ္ဘောဒီးယား၌ ကိုးရာစုနှောင်းပိုင်းမှ ၁၂ ရာစုနှောင်းပိုင်းအတွင်း တည်ဆောက်ခဲ့သော မြို့တော်များ၌ တွေ့ရှိရခြင်းသည် အထက်ဖော်ပြပါ တွေးဆချက်ကို အထောက်အကူပြုနေပါလေသည်။

ရေအရင်းအမြစ်ကို အသုံးချရာတွင် စိုက်ပျိုးရေး၊ ကူးသန်းသွားလာရေး၊ သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုနိုင်ရေး၊ ကာကွယ်ရေးတို့အပြင် ဘာသာရေးသင်္ကေတကို ဖော်ကျူးရန်အတွက်ပါ ရည်ရွယ်ဆောင်ရွက်ခဲ့သလိုပင် သရေခေတ္တရာပျူတို့၏ မြေအရင်းအမြစ်စီမံခန့်ခွဲမှုမှာလည်း လျစ်လျူရှုထားချင်၍ မရနိုင်သော စီမံခန့်ခွဲမှုမျိုးဖြစ်ပါသည်။

သရေခေတ္တရာပျူတို့သည် သူတို့၏ လယ်ယာစိုက်ပျိုးမြေများကို မြို့တော်၏ အပြင်ဘက်တွင်သာမက မြို့တော်အတွင်း၌ပါ ရှိနေစေခြင်းဖြင့် ပြင်ပရန်သူများ၏ နှစ်ရှည်လများ ဝန်းရံပိတ်ဆို့တိုက်ခိုက်မှုများကို ကြံ့တွေ့လာလျှင် မြို့တော်အတွင်းမှ ကြံ့ကြံ့ခံတွန်းလှန်နိုင်ရန် မဟာဗျူဟာမြောက် မြေယာစီမံခန့်ခွဲမှုကို လုပ်ဆောင်ခဲ့ကြပါသည်။ ကျယ်ဝန်းသော မြို့တော်ကြီး၏ မြောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းရှိ နုန်းဆန်သောမြေ (Alluvial Soil) များကို စိုက်ပျိုးမြေများ ဖြစ်စေခဲ့သည်။ သည်လိုဖြင့် မြို့၏ တောင်ဘက်ခြမ်းနှင့် အနောက်တောင်ဘက်ခြမ်းရှိ ဂဝံဆန်သော မြေများသည် ဘုရင့်နန်းတော်၊ လူနေအိမ်ခြေများနှင့် ယဉ်ကျေးမှုနှင့် သာသနိကအဆောက်အအုံများအတွက် အဓိကမြေနေရာများ ဖြစ်သွားရသည်။

မြို့၏အနောက်တောင်ဘက်ခြမ်းသည် ဆင်ခြေလျှောမြေအနေအထားမှ တဖြည်းဖြည်းမြင့်တက်သွားကာ မြို့၏အပြင်ဘက်တွင် 'မြင်ဗာဟုစေတီ' ကဲ့သို့သော သာသနိကအဆောက်အအုံအချို့နှင့် 'ကန်သုံးဆင့်' (Hill with three series of tanks) ဟု ယနေ့တိုင် အမည်တွင်နေဆဲရှိသည့် ရေလှောင်ကန်ရှိသည့် ကုန်းမြင့်တို့ ပါဝင်ဖွဲ့စည်းထားသော တောင်ကြောအဖြစ် ပြောင်းလဲသွားသည်။ ထိုတောင်ကြောတစ်ဝိုက်တွင် ပျဉ်းမပင်၊ အင်ပင်စသည့် သစ်ပင်များထူစွာပေါက်ရောက်နေခဲ့သည်။ (၁၉၇၀ ကျော် ၈၀ ကာလအထိ အဆိုပါဒေသများမှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး ခေတ်သစ်ပြည်မြို့သူ ပြည်မြို့သားများ ဝါဆိုပန်းခူး တောစခန်းထွက်ခဲ့ကြသော နေရာများဖြစ်ခဲ့သည်။ နှစ်ပရိစ္ဆေဒများစွာကရှိခဲ့သည့် အင်ကြင်းပင်များမှ ကျောက်အဖြစ် ကူးပြောင်းသွားခဲ့ကြသည့် 'အင်ကြင်းကျောက်များ' (Petrified trees) ကို အင်ကြင်းပင်၏ မူလပင်စည်အတိုင်း ပုံစံမပျက်တွေ့မြင်နိုင်ခဲ့ကြပါသည်။) ရှေးဟောင်းသရေခေတ္တရာ ပျူတို့အတွက် အဆိုပါ အင်တိုင်းတောကြီးသည် မြို့တော်၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပရိဘောဂများ ထုတ်လုပ်ရန်အတွက်လိုအပ်သည့် သစ်၊ လောင်စာအတွက် ထင်းနှင့်ကညင်ဆီအစရှိသည်တို့ကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်သည့် ကျောထောက်နောက်ခံ ဒေသပင်ဖြစ်ပေသည်။

ရှေးဟောင်းပျူတို့ တည်ဆောက်ခဲ့သော အဆောက်အအုံအချို့သည် တောင်မြောက်တည့်တည့်တန်းတန်း မဟုတ်ဘဲ အနောက်မြောက်ဘက်သို့ ဒီဂရီအနည်းငယ်တိမ်းစောင်း၍ ဆောက်လုပ်ထားကြသည်ကို တွေ့ကြရပြီး ယင်းသည် မြန်မာနိုင်ငံရှိ တောင်မြောက်တန်းနေသော ငလျင်ကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုကို ရှောင်လွှဲကာ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ အလွယ်တကူ မပြိုမပျက်အောင် ရည်ရွယ်စီမံခဲ့ခြင်းဖြစ်နိုင်ကောင်းသည်ဟု နှောင်းခေတ်ပညာရှင်များက ယူဆကြပါသည်။ ဆိုခဲ့သည့်အတိုင်းပင် သရေခေတ္တရာပျူတို့၏ မြေယာစီမံခန့်ခွဲမှုမှာလည်း တိုက်ဆိုင်မှုတစ်ခုမဟုတ်ဘဲ သေချာကျနစွာ စီမံဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း ကောက်ချက်ဆွဲနိုင်မည် ထင်ပါသည်။

သရေခေတ္တရာမြို့တော်ဟောင်းတည်ရှိရာ ပြည်မြို့ဝန်းကျင်ဒေသသည် မိုးခေါင်ရေရှားရပ်ဝန်းဒေသ၏ အောက်ဘက်အစွန်းအစပ် (Fring of the dry zone)တွင် တည်ရှိနေသည်မို့ အပူပိုင်းဆန်သောဒေသဟု ဆိုနိုင်ကောင်းပါသည်။ သို့သော် မိုးမနည်းပါ။ ကန္တာရဆန်ဆန်မခြောက်သွေ့ပါ။ စိမ်းစိုသောသစ်ပင်တောတောင်၊ ကောင်းမွန်သော မြေဆီလွှာနှင့်သဘာဝ အင်းအိုင်၊ မြစ်၊ ချောင်းတို့မှ ရေချိုနှင့်မြေအောက်ရေတို့ကို ခံစား၊ သုံးစွဲ၊ သုံးဆောင်ခွင့်ရရှိသော ဒေသဟု ဆိုရပါမည်။

ပုဂံရွှေစည်းခုံဘုရားနှင့် ပြည်ရွှေဆံတော်ဘုရားတို့တွင် တွေ့ရှိရသည့် မွန်ကျောက်စာများအရ ရှေးခေတ် မွန်တိုင်းရင်းသားများက ပုဂံမြို့တော်ရှိရာ ဒေသကို တတ္တဒေသ(ခြောက်သွေ့သောဒေသ) (Arid country) ဟု ခေါ်ဆိုခဲ့ကြသော်လည်း သရေခေတ္တရာဒေသကိုမူ စိစစ်ဒေသ(အေးမြသောဒေသ) (Cold country) ဟု ညွှန်းဆိုခဲ့ကြသည်ဟု ဆိုပါသည်။

သရေခေတ္တရာပျူတို့က သူတို့တည်ထောင်ခဲ့ကြသည့် မြို့တော်ကြီးကို ကျက်သရေမင်္ဂလာရှိသော (တင့်တယ်သော)၊ စီးပွားရေးဖွံ့ဖြိုးကောင်းမွန်သော (စည်ပင်ဝပြောသော) မြေ၊ နေရာ၊ ဒေသ (Land of Glory and Prosperity) ဟု အဓိပ္ပာယ်ရသည့် 'သရေခေတ္တရာ' (Sri Ksetra) ဟူသော သင်္ကေတအမည်ကို ယူခဲ့ခြင်းမှာ အကြောင်းမဲ့ မဟုတ်နိုင်ပါချေ။ သူတို့စိတ်ကြိုက်မြေနေရာရွေးချယ်ပြီး ကောင်းစွာစီမံတည်ဆောက်ခဲ့သော မြို့တော်ကြီး၏ တင့်တယ်လှပသာယာပုံ၊ လယ်ယာမြေပေါများပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးနှင့် ကုန်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးပုံ၊ လုံခြုံရေးကောင်းမွန်ပုံ၊ ဘာသာရေးနှင့်စာပေ၊ အနုပညာ အစရှိသည့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပုံတို့ကို ညွှန်းဆိုရုံသာမက အဆိုပါ မြို့တော်ကြီးကို သူတို့ချစ်မြတ်နိုးပုံ၊ ယင်းအတွက် ဂုဏ်ယူတတ်ကြပုံများကို အဆိုပါ 'သရေခေတ္တရာ'ဟူသော မြို့တော်အမည်က ကောင်းစွာ ထင်ဟပ်နေသည်ဟု ထင်မြင်မိပါလေသည်။ ။

ကြည်စိုးသောင်း

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကြယ်ပွင့်ပြမေးခွန်း(၁၁၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၆၀၈)ခု မေးမြန်းဖြေကြားနိုင်ခဲ့ပြီး အဆို(၆)ခု၊ အရေးကြီးအဆို(၄)ခု တင်သွင်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်၏ **အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ မူးယစ်ဆေးဖြတ်ပြီးသူများကို စောင့်ရှောက်မည့် လုပ်ငန်းစဉ်များ၌ သက်ဆိုင်ရာဝန်ကြီးဌာနမှ အောက်ခြေထိမည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိ မရှိသိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဝန်ကြီးဌာနအနေဖြင့် စောင့်ရှောက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို အဓိကထားကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝေးလံခေါင်ဖျား ဒေသများနှင့် ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများအား သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ပြီး ပညာသင်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက်လည်း ရပ်ရွာအခြေပြု စောင့်ရှောက်မှု၊ မိသားစု စောင့်ရှောက်မှု ပုံစံတို့ဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း။

ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများဘဝ တိုးတက်ရေးအတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ ချမှတ်ရေးဆွဲလျက်ရှိပြီး နိုင်ငံတစ်ဝန်း မသန်စွမ်းသူများ လက်လှမ်းမီစွာ ရယူသုံးစွဲနိုင်မည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝရပ်တည်မှု ဆိုင်ရာ အထောက်အထားများ ပါဝင်လာမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနသည် ဒေသခံပြည်သူများ၊ ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဝေးလံခေါင်ဖျားဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်ဖြေကြားခဲ့သည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **လယ်ယာမြေများ မှတ်ပုံတင်ခွင့်အခြေအနေနှင့် မှတ်ပုံတင်ပြီး လယ်ယာမြေများအား တရားဝင်ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ ပေးကမ်းခွင့်များကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် မ/ပြေစာထွက် စိုက်ပျိုးနိုင်သော လယ်ယာမြေများအား မှတ်ပုံတင်ခွင့်ရှိ မရှိသိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများလက်ဝယ်သို့ လုပ်ကွက်ပေါင်း ၈ ဒသမ ၈၀

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်။

သန်း၊ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၇၆ ရာခိုင်နှုန်း ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ကျန်လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးမှု နောက်ကျရခြင်းမှာ သွားလာရေးခက်ခဲသော ဒေသများနှင့် လယ်ယာမြေအငြင်းပွားမှုများကြောင့် ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့်ရှိထားသူများအနေဖြင့် အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး ပေါင်နှံခွင့်ဘဏ်များသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိပါကြောင်း။

မ/ပြေစာထွက် စိုက်ပျိုးနေသော လယ်ယာမြေများသည် စားကျက်ကျူး၊ လမ်းမြေကျူးစသည့် ကျူးလွန်စိုက်ပျိုးမြေဖြစ်ပါက လယ်ယာမြေဥပဒေပုဒ်မ ၃(က)အရ လယ်ယာမြေနှင့် အကျုံးဝင်ခြင်းမရှိသောကြောင့် လုပ်ပိုင်ခွင့် လျှောက်ထား၍ မရပါကြောင်း၊ အဆိုပါမြေများကို သက်ဆိုင်ရာဝန်ကြီးဌာနက စွန့်လွှတ်ပြီးမှသာ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သည့် မြေနှင့်စပ်လျဉ်းပြီး လုပ်ကွက်နယ်နိမိတ်နှင့် စိုက်ပျိုးလုပ်ကိုင်မှု အခြေအနေ၊ တည်ငြိမ်ခိုင်မာမှုမရှိသော မြေဧရိယာများကို စိုက်ပျိုးထုတ်လုပ်မှုစာရင်းများ ပြုစုနိုင်ရန်နှင့် မြေခွန်စည်းကြပ်ရန်အတွက် မမြဦးပိုင်အဖြစ် သတ်မှတ်စာရင်းပြုစုပြီး မြေခွန်စည်းကြပ်ပါကြောင်း၊ စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်လာသည့်အချိန်တွင် တိုင်းတာခြင်း၊ ဦးပိုင်လုပ်ကွက်အလိုက် ပုံထုတ်ခြင်း၊ မမြဦးပိုင်အဖြစ် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ ၇ ထုတ်ပေးခြင်းလုပ်ငန်းအား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ ထူးခြားမှုများနှင့်အတူ အတွေ့အကြုံသစ်များ၊ ရရှိခဲ့ကြသည့် သင်ခန်းစာများသည် နောင်အတွက် တန်ဖိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ကြရန် လိုကြောင်း၊ ယခုအစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း(၁၁၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၆၀၈)ခု မေးမြန်းဖြေကြားနိုင်ခဲ့ပြီး အဆို(၆)ခု၊ အရေးကြီးအဆို (၄)ခု တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဥပဒေကြမ်း(၂၀)ကို အမျိုးသား လွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်း ပါတီပေါင်းစုံနှင့် အဖွဲ့အစည်းများမှ လေ့လာသူ (၃၈၀၀၀)ကျော် လာရောက်လေ့လာခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များသိရှိလိုသည့် သတင်းအချက်အလက် (၁၄)စောင်ကို ပြုစုပေးခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက **၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း** နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ကြယ်ပွင့်ပြ မေးခွန်း (၁၅၃) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂၃၉) ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် အဆို(၉)ခုတင်သွင်းခဲ့ရာ အဆို(၆)ခုကို အတည်ပြုနိုင်ခဲ့ပြီး အဆို(၂)ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ လာမည့် အစည်းအဝေးတွင် အဆုံးအဖြတ်ပြုမည့် အဆို(၁)ခုကျန်ရှိပါကြောင်း။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ကပေးပို့သည့် ဥပဒေကြမ်း (၁၀)ခု၊ လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းသည့် ဥပဒေကြမ်း(၃)ခု၊ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန်ပေးပို့ထားသည့် ဥပဒေကြမ်း (၉)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့ခဲ့သည့် ဥပဒေကြမ်း(၁၂)ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍ၌ အစီရင်ခံစာ(၃)ခု တင်သွင်းနိုင်ခဲ့ပြီး (၂)ခုအား မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကော်မတီအစည်းအဝေး (၁၁၈)ကြိမ်နှင့် ကော်မရှင်အစည်းအဝေး အကြိမ် (၂၀)ပြုလုပ်ခဲ့ပါကြောင်း၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် သတင်းအချက်အလက် (၁၄)စောင်ကို ပြုစုပေးခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် Public Policy Making and Capacity Building ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးပွဲပြုလုပ်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်စာကြည့်တိုက်တွင် စုစုပေါင်းစာအုပ် (၁၀၅၃၀)အုပ် စုဆောင်းရရှိထားပြီးဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ်အားလုံး မိမိတို့ နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်းနှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

တနင်္သာရီမြို့အဝင်တံတား အထူး-၃ တွင် စီစီတီဗီတပ်ဆင်ထားရှိ

တနင်္သာရီ နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းနိုင်၏ အစီအစဉ်ဖြင့် တနင်္သာရီမြို့ တံတားရဲကင်းစခန်းနေရာ၌ ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းစေရန်၊ မှုခင်းဖြစ်ပွားမှုလျော့နည်းပပျောက်စေရန်နှင့် နေ့စဉ်ယာဉ်ဖြတ်သန်းသွားလာမှု မှတ်တမ်းရယူထိန်းသိမ်းထားရှိနိုင်စေရန်ရည်ရွယ်၍ မြိတ်မြို့မှ တနင်္သာရီ-မောတောင်-ဘုတ်ပြင်း-ကော့သောင်း ခရီးစဉ်ကိုလည်းကောင်း၊ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီ-မြိတ်ခရီးစဉ်ကို လည်းကောင်း နေ့စဉ် တနင်္သာရီမြို့အဝင်တံတား အထူး-၃ မှ ဖြတ်သန်းသွားလာမှု မှတ်တမ်းများရယူထိန်းသိမ်းထားရှိနိုင်စေရေးအတွက် H-264 DVR Digital Video Recorder CCTV ကင်မရာကို နိုဝင်ဘာ ၂၆ ရက်မှစတင်၍ တပ်ဆင်ထားကြောင်း သိရသည်။

ယင်းကဲ့သို့ CCTV တပ်ဆင်ထားခြင်းကြောင့် တံတားရဲကင်းရှိ တာဝန်ကျရဲတပ်ဖွဲ့ဝင်များကရဲကင်းအတွင်းမှ စောင့်ကြပ်ကြည့်ရှုနေခြင်းအားဖြင့် ခရီးသွားပြည်သူများအတွက်သော်လည်းကောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုကိုလည်းကောင်း၊ အခြားအရေးပေါ်ကိစ္စများကို လည်းကောင်း များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

❖ **ပထမအကြိမ်မှ**

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အဆိုပြုတင်ပြခြင်း၊ ဆွေးနွေးခြင်းများကို ယာယီရပ်ဆိုင်းခဲ့သည်။

ထို့နောက် လွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုအဆိုတွင်ပါရှိသည့် "တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး" ရွေးချယ်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြပြီး ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်း။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ။

အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov သည် နိုင်ငံတော်အစိုးရနှင့် UNDP ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသန္တရအုပ်ချုပ်ရေးလေ့လာတွေ့ရှိချက်များအား သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းထံသို့ ယနေ့နံနက်ပိုင်းကလာရောက် တွေ့ဆုံရှင်းလင်းဆွေးနွေးသည်။**(ယာပုံ)**

Mr.Toily Kurbanov က လေ့လာတွေ့ရှိချက်များအရ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများသည် ဖွဲ့စည်းခါစ အတွေ့အကြုံမရှိမီအချိန်ထက် ယခုအခါ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည့် စွမ်းဆောင်ရည်တိုးတက်လာကြောင်း၊ ဆက်လက်၍ အုပ်ချုပ်ရေးဖိုရမ်အပါအဝင် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အစိုးရအုပ်ချုပ်မှုယန္တရားတိုးတက်ကောင်းမွန်စေရန် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်သည့် အတွက်ကျေးဇူးတင်ပါကြောင်း၊ မြို့ပြကျေးရွာ ဖံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ရေးလုပ်ငန်း၊ အမြဲတမ်းအတွင်းဝန်ရုံး ဖွဲ့စည်းရေးလုပ်ငန်း၊ မြို့နယ်စုပေါင်းရုံးများ ဖွဲ့စည်းရေးလုပ်ငန်း၊ e-government လုပ်ငန်းများဖြင့် အုပ်ချုပ်မှုယန္တရားကျစ်လျစ်မှန်ကန်ကောင်းမွန်ရေး စီမံဆောင်ရွက်ရာတွင်လည်း ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

သတင်းမီဒီယာနည်းဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သည် ၎င်းတို့ရေးဆွဲသော သတင်းမီဒီယာ ဥပဒေမူကြမ်းကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်မှ တစ်ဆင့် ၁၉-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၂)ဖြင့် သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းပြီးနောက် ဝန်ကြီးဌာနသည် နည်းဥပဒေများကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ စတင်ရေးဆွဲရေးညှိနှိုင်းဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ၂၈-၆-၂၀၁၄ ရက်နေ့တွင် သတင်းမီဒီယာနည်းဥပဒေများ ပထမမူကြမ်းကို ပေးပို့ခဲ့ပါသည်။ နည်းဥပဒေများ မူကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ အကြိမ်ကြိမ်ညှိနှိုင်း ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀-၉-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်များနှင့် နောက်ဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် လိုအပ်သည်များ နှစ်ဖက်ထပ်မံညှိနှိုင်းအတည်ပြုပြီး သတင်းမီဒီယာနည်းဥပဒေများ မူကြမ်းကို ၁၆-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ ဥပဒေဆိုင်ရာ အကြံပြုချက်သဘောထားတောင်းခံထားဆဲဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များရရှိပါက ပြင်ဆင်ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူကာ သတင်းမီဒီယာ နည်းဥပဒေများကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❒

✪ **အာဆီယံမှ**

အရှေ့တောင်အာရှနှင့် ဂျပန်နိုင်ငံ လူငယ်အစီအစဉ် Southeast Asian and Japanese Youth Program(SSEAYP) သည် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းစီစဉ်မှုတစ်ခုဖြစ်ပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်အစီအစဉ်မှာ (၄၁)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများနှင့် ဂျပန်လူငယ်များပါဝင်သော အဆိုပါ သင်္ဘောခရီးစဉ်ကို ဂျပန်နိုင်ငံမှ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ လူငယ်များ အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ကြကာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဂျပန်နိုင်ငံတွင် လူငယ်အစီအစဉ်များ ကျင်းပခဲ့ကြသည်။ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ သင်္ဘောခရီးစဉ်အဖြစ် အာဆီယံနိုင်ငံများသို့ လည်ပတ်ရောက်ရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံမှ နိုဝင်ဘာ ၇ ရက်တွင် စတင်ထွက်ခွာလာကာ နိုဝင်ဘာ ၁၃ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ နိုဝင်ဘာ ၁၉ မှ ၂၃ ရက်အထိကို ကမ္ဘောဒီးယားနိုင်ငံ၊ နိုဝင်ဘာ ၂၈ တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်အထိ လူငယ်အစီအစဉ်များ၊ မြန်မာမိသားစုများနှင့် အတူတကွ နေထိုင်မှုများ ပြုလုပ်မည်ဖြစ်သည်။ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံနှင့် ဒီဇင်ဘာ ၁၇ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အဆိုပါသင်္ဘောခရီးစဉ် ရန်ကုန်မြို့သို့ ဆိုက်ကပ်မှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး (၂၀၀၀)ပြည့်နှစ်က တစ်ကြိမ် လာရောက်ခဲ့ဖူးသည်။ ယခုနှစ်တွင် မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးနှစ် (၆၀)ပြည့်အထိမ်းအမှတ်ရှိခြင်းအပြင် မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားမှုကြောင့် လာရောက်ခြင်းဖြစ်သည်ဟု သိရသည်။ နှစ်စဉ်ခရီးစဉ်များကို ဂျပန်နိုင်ငံမှ တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပြီး လူငယ်ဖွံ့ဖြိုးမှုများအပြင် နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ၊ ချစ်ကြည်ရင်းနှီးမှုများ၊ အတွေ့အကြုံများ ပြန်လည်မျှဝေနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

❒

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည် ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၈-၁၁-၂၀၁၄ ရက်နေ့ ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၁၈ ဦးနှင့် ထုတ်ဝေသူ သက်တမ်းတိုး ၁၉ ဦး ပေါင်းသက်တမ်းတိုး ၃၇ ဦးအား လည်းကောင်း၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူ ကိုးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၂၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းနှစ်ဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၄၉ ဦးတို့အား အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၃၂ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄ ဦးအား လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၅၇ ဦးနှင့် အသစ်လျှောက်ထားသူ ၉၅ ဦးအား လည်းကောင်း စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။ ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူ နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့်အသစ် လျှောက်ထားသူ တစ်ဦးနှင့် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❍ **ရှေ့ဖုံးမှ**

ကိုရီးယားမှနာမည်ကြီး ဂျပန်မင်းသမီး ယူကိုဖုအီးကီ ပါဝင်မယ်။ ရန်ကုန်နဲ့ ပုဂံမှာ အဓိကရိုက်ကူးမယ်။ ဇာတ်တစ်ဝက်က ဖက်ရှင်ရှိုးဖြစ်တာကြောင့် မြန်မာသရုပ်ဆောင်မော်ဒယ် ၆၀ လောက် အင်အားသုံးမယ်။ မြန်မာ့အလှအပတွေ အများကြီး ပါဝင်မယ်။ ၂၀၁၆ ခုနှစ်မှာ ဖြန့်ချိမယ်။ မြန်မာမှာပြရင် မြန်မာစာတန်းထိုး၊ နိုင်ငံတကာမှာပြရင် သူ့နိုင်ငံအလိုက်စာတန်းထိုးဖို့ စီစဉ်ထားတယ်" ဟု ပြောကြားသည်။

ဂျပန်နိုင်ငံမှထုတ်လုပ်သူ ဒါရိုက်တာ တစ်ဦးဖြစ်သည့် မစ္စတာ ရှုဇိုအိုဂူရှိက "မြန်မာနိုင်ငံက တစ်စတစ်စ ပြောင်းလဲပွင့်လင်းမှုတွေရှိလာတဲ့အတွက် နိုင်ငံတကာရဲ့စိတ်ဝင်စားမှုတွေရှိလာပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံရဲ့ယဉ်ကျေးမှုတွေကို အပြန်အလှန်ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ ရည်ရွယ်ထားပါတယ်။ ဇာတ်ကားအပေါ် မျှော်လင့်ချက်နဲ့ အောင်မြင်မှုက ၁၀၀ ရာခိုင်နှုန်းအထိ မျှော်လင့်ထားပါတယ်" ဟုပြောကြားသည်။

အဆိုပါဇာတ်ကားကို မြန်မာ့ဌေသိန်းခြောက်ထောင်ခန့်အကုန်အကျခံ ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အာရှတိုက်တွင် ဖြန့်ချိပြီးမှ နိုင်ငံတကာသို့ ဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။ **(မွန်းဦးနဒီ)**

ပြည်တွင်းရေးရာ

❖ **မြန်မာ-ဒိန်းမတ်မှ**

ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒိန်းမတ်နိုင်ငံ ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးရေးဝန်ကြီးနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Peter Lysholt Hasen လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒိန်းမတ်နိုင်ငံ ကုန်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် Spectrum (Sustainable Development Knowledge Network) အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံအခြေစိုက် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Spectrum (Sustainable Development Knowledge Network) အဖွဲ့မှ Director David Allan ဦးဆောင်သော အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပို့)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်း၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Spectrum (Sustainable Development Knowledge Network) အဖွဲ့က မြန်မာဘာသာသို့ ၎င်းတို့ပြန်ဆိုထားသော ပါလီမန်ဆိုင်ရာကျင့်ဝတ်များနှင့် အပြုအမူလက်စွဲစာအုပ် (ပါလီမန်အမတ်များအတွက် လမ်းညွှန်)အပါအဝင် စာအုပ်ကိုးမျိုး စုစုပေါင်း ၂၂၀၅ အုပ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်စာကြည့်တိုက်အတွက် ပေးအပ်လျှာ်ဒါန်းခဲ့သည်။

(သတင်းစဉ်)

မွန်ပြည်နယ်ရှိစက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နိုဝင်ဘာ ၂၇ ရက်တွင် မွန်ပြည်နယ်ရှိ အောင်ထက်မြက်ကုမ္ဗဏီလီမိတက်သို့ ဌားရမ်းဆောင်ရွက်လျက်ရှိသော ရေဒီယယ် တာယာများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၂၂)အကြီးစား စက်ရုံ(ဘီးလင်း) သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တိုနှစ်ရှည်ဌားရမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ တာယာစက်ရုံ(ဘီးလင်း)ကိုလည်း ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကုမ္ဗဏီသို့ ဌားရမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတတ်ကျွမ်းသည့် အတတ်ပညာအတွေ့အကြုံများဖြင့် စက်ရုံကြီး ရှင်သန်ရပ်တည်နိုင်ရေး ပိုင်းဝန်းကြီးစားကြစေလိုကြောင်း ပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သထုံမြို့နယ် အင်းရှည်ရွာအနီး မရမ်းတောင်-ဓနုသီဟိုခြံဟောင်းနေရာရှိ ကော့စတစ်ဆိုဒါစက်ရုံ(သထုံ) ဆောက်လုပ်မည့် မြေနေရာနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)သို့ ရောက်ရှိပြီး ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်နိုင်သည့် တာယာအမျိုးအစားများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်ရောင်းချဖြန့်ဖြူးမှုအခြေအနေ၊ တီထွင်ဆန်းသစ်မှု၊ စက်ရုံအားဆက်လက်ရပ်တည်ရန်သင့်၊ မသင့်သုံးသပ်တင်ပြချက်များနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ကားရထားတွဲဆိုင်းနှစ်စင်းအား ဒီဇင်ဘာလဆန်းတွင် ပြေးဆွဲပေးမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်မြို့တွင်းသို့ ခရီးသွား လာကြမည့် ရန်ကုန်မြစ်တစ်ဖက်ကမ်းမှ ရောက်ရှိလာကြသောခရီးသွားပြည်သူများနှင့် ကမ်းနားတစ်လျှောက်ရှိ ခရီးသည်များအား မြို့ပတ်ရထားနှင့် ချိတ်ဆက် ပို့ဆောင်ပေးနိုင်ရန်အတွက် ကမ်းနားလမ်းတစ်လျှောက် ကားရထားတွဲဆိုင်း နှစ်စင်းအား ဒီဇင်ဘာလဆန်းတွင် ပြေးဆွဲပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သိရ သည်။

RBE ကားရထားတွဲဆိုင်းနှစ်စင်း၏ လူစီးရထားပြေးဆွဲမည့် အစီအစဉ်အရ ကမ်းနားလမ်း RBE A ကားရထားအား (ပုဇွန်တောင်-ပန်းဆိုးတန်း-ပုဇွန်တောင်) သတ်မှတ်ထားရှိပြီး ပုဇွန်တောင်ရပ်စခန်း၊ ရေကျော်ရပ်စခန်း၊ တာဝတီသာရပ်စခန်း၊ လင်းစဒေါင်းရပ်စခန်း၊ ဗိုလ်တထောင်ရပ်စခန်းနှင့် ပန်းဆိုးတန်း ရပ်စခန်းတို့ဖြင့် သတ်မှတ်ထားကာ လာရာလမ်းကြောင်းအတိုင်း အသွား၊ အပြန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ကမ်းနားလမ်းRBE B ကားရထားအား (ပန်းဆိုးတန်း-ထော်လီကွေ့-ပန်းဆိုးတန်း) သတ်မှတ်ထားရှိပြီး ပန်းဆိုးတန်းရပ်စခန်း၊ ဆူးလေရပ်စခန်း၊ ရွှေတိဂုံရပ်စခန်း၊ စဉ့်အိုးတန်းရပ်စခန်း၊ မော်တင်ရပ်စခန်း၊ ဝါးတန်းရပ်စခန်းနှင့် ထော်လီကွေ့ရပ်စခန်းဟု သတ်မှတ်ထားကာ လာရာလမ်းကြောင်းအတိုင်း အသွား၊ အပြန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက "စက်ခေါင်းနှစ်ခေါင်းနဲ့ ပြေးဆွဲပေးသွားမှာပါ။ RBE A စက်ခေါင်းက ပြေးဆွဲကြာချိန် နာရီဝက်မောင်းမယ်။ RBE B စက်ခေါင်းကတော့ ပြေးဆွဲကြာချိန် ၂၅ မိနစ်မောင်းပါလိမ့်မယ်။ ရထားတစ်တွဲကို ခရီးသည် ထိုင်စီး ၆၀ ဦးနဲ့ ရပ်စီး ၆၀ ဦးလိုက်ပါစီးနင်းနိုင်မှာပါ။ ခရီးစဉ်အားလုံးလည်း ၆ ဒသမ ၆ မိုင် အကွာအဝေးရှိပါတယ်။ အဓိကကတော့ တစ်ဖက်ကမ်းကနေစဉ် ရန်ကုန်ဘက်လာနေကြတဲ့ ခရီးသည်တစ်သိန်းကျော်အပါအဝင် ယာဉ်ကြောကျပ်တည်းနေတဲ့ ကမ်းနား လမ်းအတွက်ကို ပြည်ထောင်စုဝန်ကြီးလမ်းညွှန်ချက်နဲ့ ပြေးဆွဲပေးတော့မှာပါ"ဟု ရှင်းပြခဲ့သည်။ **(ဝင့်ဝ)**

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့၌ B.Sc(Sports) ပထမနှစ်နှင့် ဒုတိယနှစ်အတွက် အချိန်ဇယား (Time Table) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတက်ရောက်အမှာစကားပြောကြားသည်။အခမ်းအနားတွင် ဒုတိယဝန်ကြီးက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်၌ ကျား ၂၇ ဦး၊ မ ၁၈ ဦး စုစုပေါင်း ၄၅ ဦး ပညာသင်ကြားခဲ့ပြီး ရတနာပုံတက္ကသိုလ်၌ ကျား ၃၄ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၅၈ ဦး ပညာသင်ကြားခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်၌ ကျား ၃၅ ဦး၊ မ ၁၆ ဦး စုစုပေါင်း ၅၁ ဦး ပညာသင်ကြားမည်ဖြစ်ပြီး ရတနာပုံတက္ကသိုလ်တွင် ကျား ၂၄ ဦး၊ မ ၂၃ ဦး စုစုပေါင်း ၄၇ ဦး တက်ရောက်ပညာသင်ကြားရန်အတွက် အသစ်ရွေးချယ်ထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းသားလက်ခံမည့် နေ့ရက်၊ သင်တန်းသားများ နေထိုင်စားသောက်ရေးကိစ္စရပ်များ၊ ရန်ကုန်နှင့် မန္တလေးအားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများအနေဖြင့်လည်း အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနများအကြား ပေါင်းကူးအနေဖြင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် အပြန်အလှန်ညှိနှိုင်း ပိုင်းဝန်းကြီးပမ်းကြရမည်ဖြစ်ကြောင်း၊ သင်ကြားမှုပိုင်းဆိုင်ရာနှင့် လက်တွေ့ပိုင်းဆိုင်ရာများတွင် အားကစားပစ္စည်းလိုအပ်ချက်များ ဖြည့်စွက်ရန်ကိစ္စရပ်များ၊ B.Sc(Sports) ပညာရပ်ဆိုင်ရာကိစ္စရပ်များ ပုံမှန်ရွှေ့လျားခြင်းထက် သင်တန်းသားများအား ပညာတတ်၍ ထူးချွန်ပြီး ဆက်သွယ်ရေးမှအစ အားကစားတွင် ထူးချွန်သော လူငယ်များဖြစ်အောင် ပိုင်းဝန်းကြိုးပမ်းပေးကြသော ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနမှူးများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ခင်မောင်ဝင်း(ကြေးမုံ)

မသန်စွမ်းသူများ၏ ပို့ချဲ့စွမ်းရည်ပြပွဲ ရန်ကုန်-မန္တလေးခရီးရှည်ကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာ၍ ပို့ချဲ့စွမ်းရည်ပြသခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်မွန်းလွဲ ၁၂ နာရီခွဲက ဗျော်ဘွယ်မြို့သို့ ရောက်ရှိစဉ်။ မင်းမင်းထွေး(ပြန်/ဆက်)

လားရှိုးခရိုင်ရဲတပ်ဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပ

လားရှိုး နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်ရဲတပ်ဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂နာရီခွဲက လားရှိုးမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲသူရဲနိုင်နမ်း၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို လားရှိုးခရိုင်ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ တရားခံပြေးများ အကြောင်း ပြည်သူလူထုသိရှိထားသင့်သည်များ၊ ရဲတပ်ဖွဲ့အား နိုင်ငံတော်ကထောက်ပံ့နေသည့် အခြေအနေ၊ ရဲတပ်ဖွဲ့ဝင်များအကြား အကျင့်ပျက်ခြစားမှုများအား အရေးယူထားရှိမှု အခြေအနေနှင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆောင်ရွက်နေပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက လားရှိုးမြို့ လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး လားရှိုးမြို့အတွင်း ဖြစ်ပွားခဲ့သော မှုခင်းများအား အရေးယူထားရှိမှု အခြေအနေ၊ တရားခံဖမ်းဆီးရမိရန် ကြိုးပမ်းဆဲမှုခင်းများအခြေအနေနှင့် ခိုးမှုကဲ့သို့ မှုခင်းကျဆင်းနေသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော သတင်းမီဒီယာအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက မိမိတို့သိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှတ်(၂၄)မူးယစ်တပ်ဖွဲ့စုမှူး၊ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဌာနစုမှူးတို့က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ဇာဏီအောင်-လားရှိုး)

အစိုးရအဖွဲ့သစ်ကာလအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

အသားကဏ္ဍ

စဉ်	အကြောင်းအရာ	ဆောင်ရွက်ချက်
၁။	**ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ခြင်း**	❖ ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံ ASEAN Free Trade Area-AFTA အတွက် အသားကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ရုံး (One Stop Service- OSS) ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၀ ရက်မှစ၍ ရန်ကုန်မြို့၊ အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ❖ မြန်မာနိုင်ငံ သားငါးကဏ္ဍဆိုင်ရာ စစ်ဆေးရေးအဖွဲ့ Meat Inspection Board ယာယီဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြည်ပမှအေးခဲအသားတင်သွင်းမှုကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၏ သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေး၍ ခွင့်ပြုပေးလျက်ရှိပါသည်။
၂။	**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု**	❖ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနပိုင်ခြံ/စက်ရုံ ၄၆ ခုကို စီးပွားရေးအရ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် နှစ်ရှည်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest-EOI) အဆိုပြုလွှာများ ဖိတ်ခေါ်တောင်းခံလျက်ရှိပါသည်။ ❖ ဌာနပိုင် သာကေတငါးခြောက်စက်ရုံအား ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ၂၇-၁၁-၂၀၁၂ တွင် အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ❖ သာကေတငါးခြောက်စက်ရုံနည်းတူ သာကေတစည်သွတ်စက်ရုံအား ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ၁၂-စ-၂၀၁၂ တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ❖ မြေယာအသုံးချမှု မူဝါဒ/အစီအမံနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့်အညီ မြေမဲ့ယာမဲ့ပြည်သူများအတွက် မြို့မြေ၊ ရွာမြေ အခင်းအကျင်းများ စီမံချထားရေးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သက်ဆိုင်ရာ တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်- **စဉ် တည်နေရာ — သိမ်းဆည်းသည့် မြေဧက — စွန့်လွှတ်သည့် မြေဧက** (က) ရှမ်းပြည်နယ်၊ ပင်လောင်းမြို့၊ ၃၀ ဒသမ၄၇ ၂၁ ဒသမ ၈၆ — နောင်တရားမြို့နယ်ခွဲ၊ ညောင်ပင်ကျေးရွာရှိ ပင်လောင်းမွေးမြူရေးခြံ (ခ) ပဲခူးတိုင်းဒေသကြီး၊ ၄ ဒသမ ၁၀ — ၁ ဒသမ ၈၁ — ကျောက်တံတားမြို့နယ်၊ တောကျွဲအင်းပျားစခန်းရုံး ❖ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် Wholesale Market များအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကွတ်ခိုင်နှင့် တွံတေးမြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) ဖွဲ့စည်းပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ တန်ဖိုးမျှတဝန်ထမ်းအိမ်ရာနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ခြံ၊ စက်ရုံ၊ လုပ်ငန်း (၄၉)ခုအားလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ❖ ၂၈-၂-၂၀၁၂ မှ ၃၁-၁၀-၂၀၁၄ အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကြက် ၂၂၃၂ ကောင်၊ ဘဲ ၆၇၀၈၁ ကောင်၊ ဝက် ၃၃၆၈၅ ကောင်၊ ဆိတ် ၁၀၄၀ ကောင်၊ နွား ၁၁၈၅ ကောင် စုစုပေါင်း တန်ဖိုးကျပ် ၃၆၉၃ ဒသမ ၁၄၈ သန်း ဖြန့်ဖြူးပြီးဖြစ်ပါသည်။ ယနေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခု၊ မြို့နယ် ၁၆၃၊ ကျေးရွာ ၃၄၈ ရွာသို့ ကျေးလက်ဘဏ်ချေးငွေဖြင့် နွား ၃၈၂၂ ကောင်၊ ဝက် ၂၃၂၄၈ ကောင်၊ ဆိတ် ၁၅၈၃၂ ကောင်၊ ဘဲ ၁၇၇၂၀ ကောင်၊ ကြက် ၇၆၇၅၁ ကောင်၊ ငုံး ၅၀၀၀၀ ကောင်အတွက် စုစုပေါင်းကျပ်သိန်းပေါင်း ၁၀၃၉၇ အား ထုတ်ချေးပေးခဲ့ပါသည်။ ❖ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများအား တစ်နေရာတည်းတွင် စနစ်တကျ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်(၉)တွင် မွေးမြူရေးဇုန် ၂၇ ဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
၃။	**နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျောင်းနေအရွယ် ကလေးများ ကျန်းမာကြံ့ခိုင်စေရေး**	❖ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းနေအရွယ် ကလေးများ ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အခြေခံပညာကျောင်းများ၌ နို့တိုက်ကျွေးရေး အစီအစဉ်အား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်

စဉ်	အကြောင်းအရာ	ဆောင်ရွက်ချက်
		နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ ကျောင်းသား ကျောင်းသူဦးရေ ၅၁၀၅၆ ဦးအား နို့တိုက်ကျွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၄။	**အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး**	❖ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းရှင်များ၊ အသေးစား/အလတ်စား မွေးမြူသူများအား နို့စားနွားမွေးမြူမှု အထောက်အကူပြုစေရန် ရည်ရွယ်၍ နို့ပေါင်းစက်၊ အအေးခံစက်များအား ပြည်ပမှမှာယူ၍ ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ပြည်နယ် ၃၄ စုံ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ၆ စုံနှင့် ဌာနဆိုင်ရာ ၅ စုံ စုစုပေါင်း ၄၅ စုံဖြန့်ဖြူးပေးခဲ့ပြီး နို့ပြုပြင်ထုတ်မှုဆိုင်ရာသင်တန်းနှစ်ကြိမ် သင်တန်းသား ၄၀ ဦးအား သင်တန်းပို့ချပေးခဲ့ပါသည်။ ❖ တိရစ္ဆာန်ရောဂါများ ကင်းစင်စေရန်အတွက် ဓာတ်ခွဲခန်းမြှင့်တင်ခြင်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းအသီးသီးအား ဦးစားပေးအလိုက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE) ၏ လမ်းညွှန်ချက်နှင့်အညီ ဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ခြင်း (Laboratory Upgrading) နှင့် (ISO) အသိအမှတ်ပြုလက်မှတ် (ISO Certificate) ရရှိရေးအတွက် (OIE) မှ ကျွမ်းကျင်ပညာရှင်များနှင့် ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်အထိ ဓာတ်ခွဲခန်းစနစ်နှင့် နည်းဗျူဟာရေးဆွဲရေးနှင့် ဓာတ်ခွဲခန်းအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီရေးဓာတ်ခွဲခန်းများ ပစ္စည်းများဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၅။	**လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန်**	❖ လူသားအရင်းအဖြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် ဌာနတွင်းသင်တန်း ၂၇၇၉ ဦးနှင့် အရပ်သားသင်တန်း ၁၃၁၈၀ ဦး၊ မွေးရေကျေးလက်လူငယ် ၈၂၇၈၄ ဦးဖွဲ့စည်းဆောင်ရွက်ပြီး ၂၀၃၉ ဦး သင်တန်းပို့ချနိုင်ခဲ့သည့်အပြင် ပုဂ္ဂလိက ပျားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူ့တိုးချဲ့ပညာပေးသင်တန်းများကို (၉၆) ကြိမ်မြောက် သင်တန်းသား ၂၉၈၃ ဦး စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ ❖ မွေးမြူထုတ်လုပ်ရေးဒီပလိုမာလက်မှတ်ရ ပုဂ္ဂိုလ်များအား ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် ၂၉၆ ဦးအား အသစ်ခန့်ထားခဲ့ပါသည်။
၆။	**အာဟာရပြည့်ဝသော တိရစ္ဆာန်အစာကုန်ကြမ်း ရရှိရေး**	❖ တိရစ္ဆာန်အစာလုံလောက်မှုရှိစေရန်နှင့် အာဟာရပြည့်ဝသော တိရစ္ဆာန်အစာများ ကျွေးမွေးထုတ်လုပ်နိုင်ရန်အတွက် တိရစ္ဆာန်အစာ (မြက်) မျိုးစေ့များတင်သွင်းခြင်း၊ သုတေသနပြုခြင်း၊ တိုင်းဒေသကြီး ပြည်နယ်များတွင် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရန် နည်းပညာများကို ပြည်ပမှကျွမ်းကျင်သူများ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။
၇။	**ကာကွယ်ဆေး အခမဲ့ထုတ်လုပ်ဖြန့်ဖြူး၍ ဝန်ဆောင်မှုပေးခြင်း**	❖ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကျွဲနွားရောဂါကာကွယ်ဆေး (ခွာနာလျှာနာရောဂါကာကွယ်ဆေးမှ အပ) အခမဲ့ထုတ်လုပ်ဖြန့်ဖြူး၍ တောင်သူလယ်သမားများ၏ မွေးမြူထားသော ကျွဲနွားတိရစ္ဆာန်များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ❖ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ တိုင်းရင်းကြက်များ ကြက်လည်လိမ်ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အပူဒဏ်ခံကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးအခမဲ့ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။
၈။	**မျိုးမြှင့်တင်သားစပ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း**	❖ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ ခိုင်းနွား၊ အသားစားနွား၊ နို့စားနွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးမြှင့်တင်သားစပ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မျိုးရည် ခဲချောင်းများနှင့် နိုက်ထရိုဂျင်အရည် အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။
၉။	**ကျေးလက်ရန်ပုံငွေ တည်ထောင်ရေး စီမံကိန်း (Village Fund Project)**	❖ ကျေးလက်ရန်ပုံငွေတည်ထောင်ရေးစီမံကိန်းအား မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် စတင်ခဲ့ပြီး C.P ကုမ္ပဏီနှင့် ပူးပေါင်း၍ ပထမအဆင့်အနေဖြင့် ကျေးရွာ (၁၀)ရွာကို နေပြည်တော်ကောင်စီနယ်မြေတွင် (၃)ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် (၅)ရွာနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၂)ရွာရွေးချယ်၍ တစ်ရွာလျှင် ငွေကျပ်သိန်းသုံးရာနှုန်းဖြင့်ပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ကျန်ရှိသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကျေးရွာ(၄၀)ရွာကို တိုးချဲ့ပြီး ဆက်လက်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက် ရှိပါသည်။ ❖ ဆက်လက်၍ CITIC ကုမ္ပဏီနှင့်ပူးပေါင်း၍ ကျေးလက်ရန်ပုံငွေတည်ထောင်ရေးစီမံကိန်းကို ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်တွင် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာ (၅၀) ရွာကို ရွေးချယ်ပြီး ပထမအနေဖြင့် ကျေးရွာ(၅)ရွာအား ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

ပြည်တွင်းရေးရာ

စည်းလုံးညီသည့် မြိတ်မြို့နယ်အသင်း နှစ်(၁၀၀)ဆီ

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-ဇာဏီ

ရန်ကုန်ရောက် မြိတ်သူမြိတ်သားများ စည်လုံးညီညွတ်မှုရှိစေရန်နှင့် ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၁၄ ခုနှစ်မှစ၍ မြိတ်မြို့နယ်အသင်း(ရန်ကုန်)ကို တည်ထောင်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် သက်တမ်းမှာ နှစ်တစ်ရာတိုင်ခဲ့ပြီဟု သိရသည်။

အသင်းဒုဥက္ကဋ္ဌ ဦးအပ်တီက "ကျွန်တော်တို့အသင်း ရပ်တည်နိုင်တယ်ဆိုတာ ဒီနှစ်တစ်ရာအတွင်းမှာ ဥက္ကဋ္ဌကိုတစ်နှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ်ရွေးချယ်တာမျိုးတွေ မလုပ်ဘူး။ နိုးမိုသူကလည်းလုပ်ချင်၊ ငါကလည်းလုပ်ချင်ရင် အသင်းက မတိုးတက်တော့ဘဲ ပြိုကွဲကုန်မယ်။ ပြီးတော့ လူမှုရေးလုပ်ငန်းဖြစ်လို့ ဒီအလုပ်က ငွေကုန်တာပဲရှိတယ်။ ဥက္ကဋ္ဌတွေ မငြင်းသမျှ၊ လုပ်နိုင်သမျှ ကာလပတ်လုံး သူ့လက်အောက်က လူတွေ အားလုံးကလည်း အကောင်းဆုံးဆောင်ရွက်သွားကြတဲ့အပြင် ဥက္ကဋ္ဌကြီးဆို မြိတ်က နာရေးတစ်ခုဖြစ်တယ်ဆိုရင် ဘယ်လောက်ပဲဆင်းရဲဆင်းရဲ တဲစုတ်နဲ့နေရပါစေ သူရောက်အောင်သွားပြီး နာရေးကိစ္စတွေကို ကူညီပေးတယ်။အခုထက်ထိ သူ့လက်ကလွတ်တဲ့ နာရေးဟူသမျှမရှိသေးဘူး။ ဥက္ကဋ္ဌကို ဆွဲချတာမျိုးတွေ မရှိဘူးလားဆိုတော့ ရှိခဲ့ပါတယ်။ နေရာလုတာမျိုးတွေလည်း ရှိခဲ့တယ်။ ဘယ်သူတွေက ပြန်ရပ်တည်ပေးလဲဆိုတော့ အသက်ကြီးတဲ့နာယကတွေက ပြန်ရပ်တည်ပေးတယ်။ တစ်ဦးချင်းကို တိုင်နေရင်နာယကကြီးတွေက နားလည်တာပေါ့။ ဘယ်သူမှားတယ်၊ မှန်တယ်။ အဲဒါလေးတွေက အရမ်းချစ်ဖို့ကောင်းတယ်။အမှန်ဘက်ကလိုက်ပြီးတော့ ပေါ့။ နာယကကြီးတွေ အင်မတန်တော်တယ်။ဒါတွေကြောင့်လည်း ဒီအသင်းကြီးအောင်မြင်ခဲ့တာပါ"ဟု ပြောသည်။

ပြဇာတ်ကပွဲစီစဉ်သူ ဒါရိုက်တာ မောင်သီက "မြိတ်မြို့နယ်အသင်း နှစ်တစ်ရာပြည့်ပွဲဆိုတော့ ကျွန်တော်တို့ဘဝမှာ တစ်ခါပဲကြုံရမယ့်ပွဲပါ။ နှစ်တစ်ရာပြည့်ဖို့ မလွယ်သလို အဲဒီပွဲကို ကြုံဖို့ဆိုတာကလည်း မလွယ်ဘူး။ မြိတ်သားတစ်ယောက်အနေနဲ့ ကိုယ့်မြို့ရဲ့အသင်း ရာပြည့်ပွဲအတွက် ပါဝင်ခွင့်ရတော့ ဂုဏ်ယူတာပေါ့။ ရန်ကုန်မှာရှိတဲ့ မြိတ်အနုပညာရှင်တွေ ဖြစ်တဲ့ ကျွန်တော်ဉီး လွင်မိုးတို့၊ မေသန်းနုတို့၊ မြိတ်ကိုတင်အောင်တို့ စုစည်းပြီး ပွဲလေးတစ်ခု မဖြစ်မနေ လုပ်ကြမယ်။မြိတ်အသင်းက တာဝန်ရှိသူတွေကလည်း ဆက်သွယ်ပြီးလုပ်ကြဆိုတော့ အင်တိုက်၊ အားတိုက် ဒီပွဲလေးကို စီစဉ်ဖြစ်သွားတာပါ။ ဟာသပြဇာတ်တွေပါပဲ။အဓိကကတော့ ပျော်ပျော်ရွှင်ရွှင် ဟာသ၊ ရသလေးနှောပြီး ပရိသတ်ကိုဖျော်ဖြေတာပါပဲ။ မြိတ်အသင်းအနေနဲ့လည်း ဒီနှစ်တစ်ရာ ဖြတ်သန်းလာခဲ့တဲ့ အချိန်မှာ အောင်မြင်လား၊ မအောင်မြင် လားဆိုတာ၊ ပရဟိတလုပ်ငန်းတွေ လုပ်နိုင်လား၊ မလုပ်နိုင်လားဆိုတာ အခိုင်အခဲ့ရှိပြီးသားပါ။ ကျွန်တော်တို့အားလုံးလည်း အလုပ်တွေနဲ့မအားလပ်ကြတော့ ဒီနှစ်တစ်ရာဆိုတဲ့ ခေါင်းစဉ်အောက်မှာသာ ဆုံဖြစ်ကြတာပါ။ရန်ပုံငွေပွဲဖြစ်နေတော့ မေတ္တာစေတနာ အပြည့်နဲ့ လုပ်ကြတာပါ။ အဲဒီအပေါ်မှာ ကိုယ်လုပ်လိုက်တဲ့ လုပ်ရပ်လေးတစ်ခုက ငွေရေးကြေးရေးအရလည်း မရဘူး။ အနုပညာအရလည်း မအောင်မြင်ဘူးဆိုရင် ကျွန်တော်တို့မှာ ထိခိုက်နစ်နာမှုရှိတယ်။ အဲဒီတော့ အနုပညာဘက်မှာ အောင်မြင်အောင် ပို၍ အားစိုက်ပြီး လုပ်မယ်လို့ စဉ်းစားထားပါတယ်"ဟု ပြောသည်။

အကယ်ဒမီလွင်မိုးက "ကျွန်တော်တို့ ဒီနှစ်တစ်ရာပြည့်ကို ခမ်းခမ်းနားနားလုပ်မယ်လို့သိရတာ လွန်ခဲ့တဲ့ခြောက်လလောက်ကပါ။မြိတ်ကနေပြီးတော့ လူသိထင်ရှားဖြစ်လာတဲ့ အနုပညာရှင်က နည်းလည်းနည်းတော့ ကျွန်တော်တို့က ဝိုင်းဝန်းပြီးတော့ ကူညီပေးဖို့စိတ်ဆန္ဒလေးရှိခဲ့တာပါ။ဘယ်နေရာ ဘယ်ရှုထောင့်ကနေပြီး ကူညီပေးရမလဲဆိုတော့ ကျွန်တော့်အစ်ကိုမောင်သိန့် တွဲပြီး အခုဒီပြဇာတ်ကနေ ပါဝင်ကပြဖြစ်သွားတာပါ။ ပြဇာတ်ကိုကျွန်တော်တို့ အရင်ကတည်းက တောက်လျှောက် ကဖူးခဲ့တာဆိုတော့ အဲဒီမှာ ဇာတ်လမ်းလေးပဲ အရေးကြီးတာပါ။ဇာတ်လမ်းလေးရယ်၊ ကျွန်တော်ကရတဲ့ အကြောင်းလေးရယ် လာကြည့်တဲ့ပရိတ်သတ်တွေနဲ့ သဟဇာတဖြစ်ဖို့အရေးကြီးတာပါ။ အဓိကကတော့ ကျွန်တော်တို့ အသင်းသူ အသင်းသားတွေ၊ မြိတ်သူမြိတ်သားတွေ စုစည်းညီညွတ်တယ်၊ စည်းလုံးကြတယ်ဆိုတာကို အဓိကဖော်ပြချင်တာပါ"ဟု ပြောသည်။

ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်က"ကိုသီတို့၊ ကိုလွင်မိုးတို့ကြတော့လည်း အစ်မနဲ့ ဟာသကားတွေ အများကြီး ရိုက်ခဲ့ကြတယ်။ အရင်ကတည်းက လက်တွဲညီခဲ့ကြတဲ့ သူတွေပါ။ ပြီးတော့ အစ်မအမျိုးသားကလည်း မြိတ်က၊ သူ့မိဘတွေကလည်း မြိတ်ကဆိုတော့ ဒီပွဲလေးကို ပါဝင်ဖြစ်သွားတာပါ။ အစ်မတို့ကတော့ ဦးဆောင်ပြီးမလုပ်နိုင်တော့ ဦးဆောင်ပြီးလုပ်တဲ့ သူတွေရဲ့ နောက်ကနေပြီး ရသမျှ ကုသိုလ်လေးယူရတာပါ"ဟု ပြောပြသည်။

ရုပ်ရှင်သရုပ်ဆောင် ဖြိုးငွေစိုးကလည်း "ဦးသီက ဒီအစီအစဉ်လေးရှိတယ်။ ပြီးတော့ ကိုလွင်မိုးတို့နဲ့တွဲပြီး ပြဇာတ်အတူတူ မကဖူးဘူး။ ကျွန်တော်က ပြဇာတ် ကရတာကို ဝါသနာပါတယ်။ နှစ်တစ်ရာပြည့်ပွဲ ဇော်ဝင်းထွဋ်နှင့် နာမည်ကြီးတေးသံရှင်များက ဖျော်ဖြေသွားကြမည်ဟု သိရသည်။

ဖြိုးငွေစိုး

ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလွင်မိုး

ပြဇာတ်ကပွဲစီစဉ်သူ ဒါရိုက်တာ မောင်သီ

ဖြိုးငွေစိုး

ဖြစ်နေတော့ မအားတဲ့ကြားက ပါဝင်ဖြစ်တာပါ" ဟု ပြောသည်။

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ရန်ပုံငွေပွဲအဖြစ် နိုဝင်ဘာ ၃၀ ရက် အမျိုးသားကဇာတ်ရုံတွင် ပြဇာတ်၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် နံနက် ၈ နာရီမှ ၁၀နာရီထိ ယုဇနပလာ ၈၁ ယုဇနခန်းမ၌ ပညာရည်ချွန်ဆုပေးအပ်ပွဲ၊ ရန်ကုန်မြို့ ကန်တော်ကြီး(မျှော်စင်ကျွန်း)၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း မြိတ်ဒေသ အစားအစာရောင်းချပွဲ၊ အင်ပါယာတေးဂီတအဖွဲ့၊ တေးသံရှင်ရင်များက ဖျော်ဖြေသွားကြမည်ဟု သိရသည်။

မြိတ်မြို့သည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၏ ထူးခြားလှသော ရေခံမြေခံရှိသည်နှင့် အညီ စီးပွားရေးလုပ်ငန်းများဖြစ်သော ရေလုပ်ငန်း၊ကွမ်းသီး၊ရော်ဘာနှင့်ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်း၊သတ္တုလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းများ ထူးခြားအောင်မြင်လျက် ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ အမျိုးဘာသာထွန်းကားသော မြို့တစ်မြို့လည်းဖြစ်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အာဆီယံနှင့်အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ပူးပေါင်းပြီး ASEAN SME Policy Index ၏ အချက်အလက်များရှာဖွေစုဆောင်းရန်နှင့် SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်ဖန်တီးရေးသာမကASEAN ဒေသတွင်းတွင်လည်း အရေးကြီးသော မောင်းနှင်အားဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရာတွင် အဓိကကျသည့်အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများအား အကြီးစားစက်မှုလုပ်ငန်းများဖြစ်လာစေရန်နှင့် နိုင်ငံတကာစျေးကွက်တွင် ဝင်ဆံ့နိုင်ရန် ကူညီထောက်ပံ့ပေးခြင်းများအား အဓိကထားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသတွင်းမိတ်ဖက်များ၊ နိုင်ငံတကာမိတ်ဖက်များနှင့်ပြည်တွင်းလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ SME Development Departmentမှ web portal တည်ထောင်လွှင့်တင်ထားကြောင်းသိရသည်။အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်၊အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ၊ အာဆီယံနှင့်အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သီသီမင်း)

လုံးချင်းအိမ်ငှားရန်ရှိသည်
(ဆိတ်ငြိမ်ရပ်ကွက်)

အမှတ်(၁၈/ဘီ)၊ အဏ္ဏဝါလမ်း၊ သီရိကန်သာ အိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၅၄၉၃၊ ၀၉-၄၄၈၅၅၀၁၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အထည်ချုပ်စက်ရုံသုံး မော်တာအပ်ချုပ်စက်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် အသုံးပြုရန် အထည်ချုပ်စက်ရုံသုံး မော်တာအပ်ချုပ်စက်(၂၀၀)စုံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၂-၂၀၁၄ ရက် ၉း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး စည်းကမ်းချက်များ၊ အရည်အသွေးသတ်မှတ် ချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၄၂၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန

UNITED NATIONS DEVELOPMENT PROGRAMME

Vacancy Announcement – UNDP HR/2014

Title: **National Project Manager** Grade: **NO-C** Duty Station: **Pathein Gyi, Mandalay**

UNDP Empowered lives Resilient nations

The National Project Manager (N-PM) will operate in a highly complex environment requiring coordination of interventions involving five different line ministries, State and township authorities as well as community based organizations in Sagaing, Magwey and Mandalay Regions. This project is based on principles of local empowerment and implemented by community-based organizations (CBOs) such as Village Development Committees, Water User Committees, farmer groups, communal forest user groups, and local Non-Governmental Organizations (NGOs). The anticipated impact of the project is the reduction of food insecurity and losses from extreme climate events in 50,639 households. For more details please refer to information on the bulletin board at UNDP Office, No.6, Natmauk Road, Tamwe Township, Yangon or please follow the link below: **http://jobs.undp.org/cj_view_job.cfm?cur_job_id=51700.** Applications should be apply on-line through above said link. UNDP is an equal opportunity employer and is committed to achieving workforce diversity in terms of gender, nationality and culture. Individuals from minority groups, indigenous groups and persons with disabilities are equally encouraged to apply. Only those candidates in whose qualifications and experience the Organization has further interest will be contacted for subsequent interview(s). UNDP regrets its inability to reply individually or attend to telephone queries on the advertised posts. **Closing Date: 11 December 2014**

အကယ်ဒမီဆုဆိုတာ နတ်ကြီးတယ်

အိုးဝေခင်မောင်ကွန့်

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့၏ ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုနှင့် ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဦးသန့် သက်ရှိထင်ရှားရှိစဉ် ၁၉၅၂ ခုနှစ်မှ စတင်ဖွဲ့စည်းကာ ဆုရွေးချယ်ချီးမြှင့်ခဲ့ခြင်းပင်ဖြစ်သည်။ အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲများကို (ယခင်က ခြင်္သေ့၊ ငွေဒေါင်း၊ ရုပ်တုနှင့် ရွှေရင်ထိုးများကိုလည်း ချီးမြှင့်ခဲ့သည်) ရန်ကုန်ဝက်ပါလမ်းရှိ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး၊ စက်မှုလက်မှုကျောင်း၊ ဝိဇယရုပ်ရှင်ရုံ၊ ဂျူဗလီဟောခန်းမ၊ နဝေးရုပ်ရှင်ရုံ၊ မြန်မာ့အသံ၊ သုဝဏ္ဏအားကစားရုံ၊ နေပြည်တော်မြို့တော်ခန်းမရှေ့တို့တွင် အစဉ်တစိုက်ကျင်းပလာခဲ့ပြီးမှသာ လွန်ခဲ့သောနှစ်နှစ်မှစတင်၍ ရန်ကုန်သုဝဏ္ဏအားကစားရုံကြီးတွင်ပင် ပြောင်းရွှေ့ကာ ပြန်လည်ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ်တွင်မူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်ကာ ရန်ကုန်မြို့ရှင်စောပုလမ်း မြန်မာအီးဗဲင့်ပတ်သို့ ပြောင်းရွှေ့ကာ ကျင်းပတော့မည်ဟု သိရှိရသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ တစ်ဝက်၊ ရုပ်ရှင်အစည်းအရုံးမှ တစ်ဝက် ပူးပေါင်းတင်ဆက်ခဲ့ကြသည်များကို လွမ်းဆွတ်တသကာ အထူးသတိရမိပါ၏။ ထို့ကြောင့်ပင် လက်ဦး အကယ်ဒမီဆုတည်ထောင်သူ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကြီးကို အထူးပစ်ပယ်ထား၍ မဖြစ်တော့ပါပေ။

ကျွန်တော်သည် ခေတ်ဟောင်း သတင်းစာကြီးမှ အယ်ဒီတာချုပ် ဦးညိုမြ၏ အိုးဝေသတင်းစာတိုက်၊ အယ်ဒီတာချုပ် ဦးဘဖေ၏ ဟံသာဝတီသတင်းစာတိုက်နှင့် ရာစီကာရန်ဂျနီတမီးလ်သတင်းစာမှ ထုတ်ဝေသော စီနီမာတိုင်းမ် သတင်းစာတိုက်နှင့် ဘုံဘေ(ယခု မွမ်ဘိုင်းမြို့ထုတ်) စကရင်ရုပ်ရှင်သတင်းစာများ၏ ရုပ်ရှင်သတင်းထောက်၊ ရုပ်ရှင်ဝေဖန်သူတစ်ဦးအနေဖြင့် မြန်မာ့ရုပ်ရှင်ကို အဆင့်အတန်းမြှင့်တင်ကာ တိုးတက်စေလိုသော အကျိုးပြုချက်ကြောင့်သာ ယခုလိုတင်ပြရခြင်းပင် ဖြစ်ပါ၏။ သို့ဖြစ်၍ အကယ်ဒမီဆုပေးပွဲ နီးလာပြီဆိုပါလျှင် ရုပ်ရှင်သတင်းဝေဖန်ရေးတစ်ခုကို ရေးသားတင်ပြရမှပင် ရုပ်ရှင်လောကကို လုံးဝအကျိုးပြုနိုင်မည်ဟု ယုံကြည်သောကြောင့်ပင်ဖြစ်ပါသည်။ ဤလိုအချိန်အခါမျိုးမှာ နာမည်ကြီးရုပ်ရှင် အကယ်ဒမီသုံးဆုရှင် ခင်သန်းနှင့် တွေ့လိုက်တိုင်း သူမ ကပြောပြသည်ကို အားကျနေမိပါသည်။ ဒါကတော့ အကယ်ဒမီဆုဆိုတာ နတ်ကြီးတယ်ရှင်၊ ကျွန်မတို့ကတောင် အကယ်ဒမီရွှေစင်ရုပ်တုဆုထူးကြီးကို လက်ဝယ်ပိုင်နိုင်ဆွတ်ခူးရရှိနိုင်မှသာ တကယ်စိတ်ချယုံကြည်ရတယ်ဆိုတာပါပဲဟူ၏။ ထို့ကြောင့်ပင် ယခုနှစ်တွင် ယမန်နှစ်က ရုပ်ရှင်ဇာတ်ကား ၁၅ ကားမှ ၁၇ ကားအထိ တိုးတက်ထုတ်လုပ်လာနိုင်သော်လည်း နောက်ဆုံးဆန်ခါတင် ရုပ်ရှင်ဇာတ်ကားခြောက်ကားသာ အကယ်ဒမီဆုရွေးချယ်ပေးအပ်ရန်ကျန်ရှိနေတော့သဖြင့် ရုပ်ရှင်ချစ်သူ ဝါသနာရှင်များကိုယ်တိုင်ပါဝင်ရင်ခုန်ကာ ရွေးချယ်ပေးနိုင်စေရန် တင်ပြလိုက်ရပါသည်။ (၁) ထားဝယ်ရုပ်ရှင်မှ ဒါရိုက်တာဝိုင်း၏ စေတန်ရဲ့ကချေသည် (နေတိုးဝိုင်း၊သက်မွန်မြင့်၊ဇင်ဝိုင်း၊ ယွန်းယွန်းနှင့်ဟဲဗီးဖြိုး)တို့ပါဝင်ပြီး ဇာတ်ညွှန်းဝိုင်း၊ ဓာတ်ပုံကိုတိုး၊ အသံ ကြည်မင်းသိန်း၊ တည်းဖြတ်ကျော်နိုင်မိုးနှင့် တေးဂီတ ဓီရာမိုရ်ဖြစ်သည်။ (၂) စိန်ဌေးရုပ်ရှင်မှ ဒါရိုက်တာ ဝိုင်း၏ နင်စေရင်(ပြေတီဦး၊ မင်းဦး၊ ဝတ်မှုံရွှေရည်၊ သန်းသန်းစိုး)တို့ပါဝင်ပြီး ဇာတ်ညွှန်း နေနော်၊ ဓာတ်ပုံ တိုးတိုးဝင်း၊ အသံ ကိုလွင်၊ တည်းဖြတ် ကျော်နိုင်မိုး၊ တေးဂီတ ဓီရာမိုရ်)တို့ဖြစ်သည်။ (၃) ဇီလုံ အဲင်တာတိန်းမင့်မှ ထုတ်လုပ်၍ ဒါရိုက်တာ ပန်းချီစိုးမိုးရိုက်ကူးသော ကြယ်စင်မော်ကွန်း(လူမင်း၊ နေတိုး၊ ဝေဠုကျော်၊ ဇင်ဝိုင်း၊ ရဲအောင်၊ ထွန်းထွန်း၊ စိုးရန်အောင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ပန်းဖြူ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းနှင့် (ပိုလ်ချပ်အောင်ဆန်းအဖြစ် ပိုလ်ကြီး ပြည့်ဖြိုးအောင်သရုပ်ဆောင်သည်) ဇာတ်ညွှန်း ဇြိမ်းမင်း၊ ဓာတ်ပုံ ပန်းချီစိုးမိုးနှင့်အောင်ကိုလတ်၊အသံ ဝေထွန်း၊ တည်းဖြတ် ဉာဏ်ဝင့်နှင့် တေးဂီတ စန္ဒရားတင်ဝင်းလှိုင်တို့ ဖြစ်ကြသည်။(၄) ရွှေမိုးသည်းထုတ်လုပ်ရေးမှ ကိုဇော်(အရုဏ်ဦး)၏ ကိုယ့်အထာနှင့် ကိုယ်(ခန့်စည်သူ၊ ကျော်ကျော်ပိုလ်၊ ထွန်းထွန်း၊ မိုးဟေကို၊ သန္တာပိုလ်၊ မိုးပြည့်ပြည့်မောင်)ပါဝင်သရုပ်ဆောင်သည်။ ဇာတ်ညွှန်း နေစိုးသော်၊ ဓာတ်ပုံ ကျောက်ဖြူ(ပဒေသာ)၊ အသံ ချစ်ဝင်း၊ တည်းဖြတ် ဇော်မင်း(ဟံသာမြေ)၊ တေးဂီတ သိန်းလွင်တို့ဖြစ်သည်။ (၅) အောင်သီရိရုပ်ရှင်မှ ဒါရိုက်တာ ဝင်းထွန်းထွန်း၏ စုန်းပြူးဇာတ်ကား(နေတိုး၊ မင်းရာဇာ၊ မိုးယံဇွန်၊ ထွန်းထွန်းဝင်း၊ သက်မွန်မြင့်၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ဝါဆိုမိုးဦးနှင့်သိဂီထွန်း)ပါဝင်သည်။ ဇာတ်ညွှန်း မြင့်ဦးဦးမြင့်၊ ဓာတ်ပုံ ထွန်းထွန်း(ဘောက်ထော်)၊ အသံ ကိုအား၊ တည်းဖြတ် လပ်ကီးဖေ၊ တေးဂီတ ဇော်မိုးထွဋ်တို့ဖြစ်ကြသည်။ (၆)ရွှေတောင်ရုပ်ရှင်မှ ကိုဇော်(အရုဏ်ဦး)၏ အဖြူရောင်ရဲတိုက်(နေတိုး၊ပြေတီဦး၊ ထွန်းထွန်းဝင်း၊ ကောင်းပြည့်၊ အိန္ဒြာကျော်ဇင်၊ ချိုပြုံးနှင့် သန္တာပိုလ်တို့ပါဝင်သည်။ ဇာတ်ညွှန်း နေဖိုးသော်၊ ဓာတ်ပုံ ကျောက်ဖြူ(ပဒေသာ)၊ အသံ သိန်းအောင်(မြန်မာ့အသံ)၊ တည်းဖြတ် ဇော်မင်း(ဟံသာမြေ)၊ တေးဂီတ ခင်မောင်ကြီး တို့ဖြစ်ကြသည်။

ထို့ကြောင့် ယခုနှစ်တွင် ဒါရိုက်တာဆုကို ပန်းချီစိုးမိုး၊ ဝိုင်းနှင့်ကိုဇော်(အရုဏ်ဦး)တို့ သုံးဦးယှဉ်ပြိုင်ကြမည်။ ဇာတ်ညွှန်းနှင့် တေးဂီတဆုများ၊ ဇာတ်ကားဆုများ၊ အသံဆုများသည် ထိုဒါရိုက်တာသုံးဦး၏ ရုပ်ရှင်ကားများတွင် သာပါဝင်နိုင်သည်။ တည်းဖြတ်နှင့် တေးဂီတဆုများကိုလည်း အကယ်ဒမီဆုရပြီးသူများကပင် ထပ်မံချီန်ထားကြပါသည်။ အကယ်၍ အကယ်ဒမီဆု ၁၂ ဆုလုံးသာ ချီးမြှင့်လိုက်မည်ဆိုပါလျှင် ကလေးသရုပ်ဆောင်ဆုတွင် ဟဲဗီးဖြိုးဆုကို ယှဉ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ကျန်အကယ်ဒမီဆုများကိုမူ ရုပ်ရှင်ချစ်သူ ဝါသနာရှင်များ ကိုယ်တိုင် ရင်ခုန်ခံစား ရွေးချယ်နိုင်ကြစေရန် တင်ပြလိုက်ရပါကြောင်း။ ။

ရေစူးကန့်သတ်ချက်ကို လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်ချက်

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အတွင်း ရေနည်းကာလသတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟသ်ာတ	မြည်	၅	၆
၂။		မြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟူမွလင်း	၃	၀
၉။		ဟူမွလင်း	ခန္ဓီး	၂	၆

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

"အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် (တနလာ်နေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sule Shangri La Hotel, Myanmar Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများအနေဖြင့် ဆုများလက်ခံရယူရေးနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း-၀၁-၂၀၁၉၆၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေး စည်းဝေးမည်

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော်ကောင်စိနယ်မြေလယ်ဝေးမြို့နယ် ရန်ကင်းတောရ ပဋ္ဌိယတ်၊ ပဋ္ဌိပတ်ဌာနမြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေး ဗဟိုအဖွဲ့ခွဲ(၁)နေပြည်တော်ယဉ်ကျေးလိမ္မာစင်တာမှ ကြီးမှူးကျင်းပမည့် နေပြည်တော်ကောင်စိနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်လျက်ရှိသော ကျောင်းတော်များ၏ ဆောင်ရွက်တိုးတက်မှု အခြေအနေကို သုံးသပ်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်နံနက် ၈ နာရီတွင် မဂ်လာဗျူဟာ သာသနာ့ဗဟိမာန်တော်ကြီး ပျဉ်းမနားမြို့ နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကိုပေါက်-ဥက္ကာမြေ)

အမည်မှန်

သဇုံမြို့ သိမ်ဆိပ်(အထက)စတုဏ္ဍတန်းမှ မောင်ပြည့်ဖြိုးဟိန်းနှင့် ဆဋ္ဌမတန်း(က)မှ မောင်အောင်မျိုးဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထင်အောင်(Htin Aung) [၁၀/ပမန(နိုင်)၀၂၁၁၇၀] ဖြစ်ပါကြောင်း။

EDULINK

Learn English with Native Speakers

အင်္ဂလိပ်ဘာသာအား မိခင်ဘာသာအဖြစ် အသုံးပြုသော England, USA, Canada နှင့် Australia နိုင်ငံမှ ဆရာ/မ များကိုယ်တိုင်သင်ကြားသောသင်တန်းများဖြစ်ပါသည်။

သင်တန်းအမျိုးအစားများ

- 4 Skills (General English)
- Bussiness English
- IELTS Preparation

ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူလိုသောကျောင်းသားများအတွက်လည်း မိမိတက်ရောက်လိုသော တက္ကသိုလ်များအား အကြံဉာဏ်ပေးခြင်း၊ ကျောင်းလျှောက်ထားပေးခြင်းနှင့် လိုအပ်သည် များကို အခမဲ့ ဆွေးနွေးကူညီပေးလျက်ရှိပါသည်။

Building 4, Junction Square, Kamaryut Township, Yangon.
www.facebook.com/edulink.aus
Phone: 09 7316 2586
09 42111 9895

အားကစား

ပရီမီယာလီဂ်ပွဲစဉ် ၁၃ ကို နိဝင်ဘာ ၂၉၊ ၃၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိတယ်။ အဲဒီပွဲစဉ်မှာ ပွဲစဉ် (၁၂) တုန်းက မန်ယူကိုရှုံးပြီး အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တွေရပ်တန့်ခဲ့ရတဲ့ အာဆင်နယ်အနေနဲ့ ဒီပွဲစဉ်မှာနိုင်ပွဲ ပြန်လည်ရယူနိုင်ပါ့မလားနဲ့ မန်ယူကရော နိုင်ပွဲဆက်နိုင်မလားဆိုတာကို စောင့်ကြည့်သွားရဖို့ရှိနေတယ်။

ပရီမီယာလီဂ် ရင်ဘုန်သံ - ၁၃

ရှိုင်းမင်းမင်း

ဝက်စ်ဘရွန်း-အာဆင်နယ် ည ၇း၁၅(၂၉-၁၁-၁၄)

အာဆင်နယ်ရဲ့ လက်ရှိခြေက မတည်ငြိမ်ဘူး။ အထူးသဖြင့် ချန်ပီယံလီဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တယ်။ ဒါပေမယ့် အာဆင်နယ်ဟာ လက်ရှိအချိန်မှာ အမှတ်လိုအပ်နေတဲ့အပြင် ဂီရောက်ဒ် ဒဏ်ရာကပြန်ပြီး သက်သာလာလို့လည်း တိုက်စစ်ပိုင်းထက်မြက်လာနိုင်တယ်။ ခက်ခဲနိုင်ပေမယ့် အာဆင်နယ်အတွက် သုံးမှတ်သေချာတယ်။

ဘန်လေ-ဗီလာ ည ၉း၃၀(၂၉-၁၁-၁၄)

နှစ်ပွဲဆက်အနိုင်ရလာတဲ့ ဘန်လေရဲ့ခြေက မဆိုးဘူး။ တိုက်စစ်ကအစ ဂိုးသွင်းခြေရနေတယ်။ ဒါပေမယ့် သတိပြုရမှာက ဘန်လေရဲ့ခံစစ်ကြောင်းဟာ စိတ်ချရမှုမရှိသေးဘဲ နောက်ဆုံးငါးပွဲမှာတစ်ပွဲသာ ဂိုးမပေးခဲ့ရတာတွေ့ရတယ်။ ဒါကြောင့် အသင်းလိုက်ကစားပုံကောင်းတဲ့ ဗီလာကို တစ်မှတ်ခွဲယူသွားနိုင်တာသတိပြုရမယ်။

လီဗာပူး-စတုတ် ည ၉း၃၀(၂၉-၁၁-၁၄)

ပဲလေ့စ်ကိုရှုံးနိမ့်မှုနဲ့အတူ လီဗာပူးဟာ သုံးပွဲဆက်အရှုံးကိုရင်ဆိုင်လိုက်ရတယ်။ အဲဒါအပြင် ချန်ပီယံလီဂ်လည်း ကစားထားရလို့ ပွဲပန်းနေနိုင်တယ်။ ဒါပေမယ့် လီဗာပူးကအမှတ်လိုနေသလို အိမ်ကွင်းလည်းဖြစ်တယ်။ ဒါ့အပြင် စတုတ်ကလည်း ခံစစ်ပိုင်းအားနည်းမှုနဲ့အတူ ခြေကျနေတယ်။ အခက်အခဲကြားက လီဗာပူးအမှတ်ပြည့်ရမယ်။

မန်ယူ-ဟားစီးတီး ည ၉း၃၀(၂၉-၁၁-၁၄)

ဟားစီးတီးရဲ့အနေအထားက အတော်လေးအားနည်းနေတယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ပုံမှန်ဂိုးသွင်းခြေမရှိတဲ့ တိုက်စစ်ကအားနည်းမှုတွေ များနေတယ်။ မန်ယူခံစစ်က မငြိမ်ဘူးဆိုပေမယ့် ဟားစီးတီးရဲ့တိုက်စစ်ကိုတော့ ထိန်းနိုင်မှာပါ။ မန်ယူရဲ့ကွင်းလည်းဖြစ်လို့ မန်ယူအမှတ်ပြည့်ရဖို့ရှိတယ်။

ကျူပီအာ-လက်စတာ ည ၉း၃၀(၂၉-၁၁-၁၄)

လက်စတာရဲ့ခြေကအားနည်းမှုတွေများတယ်။ အထူးသဖြင့် လက်စတာရဲ့တိုက်စစ်က အဆုံးသတ်ပိုင်းလုံးဝမသေချာဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်းမရှိတာတွေ့ရတယ်။ ကျူပီအာကတော့ ရလဒ်ဆိုးနေပေမယ့် အသင်းလိုက်ကစားပုံပိုကောင်းသလို အိမ်ကွင်းဖြစ်တယ်။ လက်စတာတစ်မှတ်ရဖို့တောင် မလွယ်ဘူး။

ဆွမ်ဆီး-ပဲလေ့စ် ည ၉း၃၀(၂၉-၁၁-၁၄)

မန်စီးတီးကို ရှုံးနိမ့်ခဲ့ရပေမယ့် ဆွမ်ဆီးရဲ့ကစားပုံကတည်ငြိမ်မှုရှိတယ်။ အထူးသဖြင့် ဆွမ်ဆီးဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုပြီး ကောင်းမွန်တတ်တယ်။ ပဲလေ့စ်ကလည်း လီဗာပူးကို နိုင်ခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် အဝေးကွင်းမှာ စိတ်မချရဘူး။ ပဲလေ့စ်အမြင့်ဆုံး သရေလောက်ပဲ ရယူနိုင်ဖို့ရှိတယ်။

ဝက်စ်ဟမ်း-ကာဆယ် ည ၉း၃၀(၂၉-၁၁-၁၄)

အခုနောက်ပိုင်း ကာဆယ်ရဲ့ခြေကောင်းမွန်နေတာမှန်တယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်အနိုင်ရခဲ့တယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးရရှိရေးအခက်အခဲရှိနေသေးတာတွေ့ရတယ်။ ဝက်စ်ဟမ်းကလည်း အမှတ်လိုနေလို့ တင်ကစားမှာဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်နေတယ်။ ကာဆယ်ရှုန်းကန်ရနိုင်တယ်။

ဆန်းဒါးလန်း -ချယ်လ်ဆီး နံနက် ၀၀း၃၀(၃၀-၁၁-၁၄)

သုံးပွဲဆက်မရှုံးခဲ့ဘူးဆိုပေမယ့် ဆန်းဒါးလန်းရဲ့ခြေကအားနည်းမှုအချို့ရှိတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်ခြင်းပဲ။ ဒါ့အပြင် ဆန်းဒါးလန်းရဲ့ခံစစ်ကလည်း မတည်ငြိမ်တဲ့အတွက် ချယ်လ်ဆီးရဲ့တိုက်စစ်နဲ့ကွင်းလယ်ကို ဟန့်တားဖို့ခက်မယ်။ အိမ်ကွင်းဖြစ်နေတယ်ဆိုပေမယ့် ဆန်းဒါးလန်းသရေရဖို့တောင် မလွယ်ဘူး။

ဆောက်သမ်တန်-မန်စီးတီး ည ၈း၀၀(၃၀-၁၁-၁၄)

တောက်လျှောက်ကောင်းမွန်လာတဲ့ဆောက်သမ်တန်ရဲ့ကစားအားကို မန်စီးတီးလွယ်လွယ်နဲ့ကျော်ဖြတ်လို့မရနိုင်ဘူး။ မန်စီးတီးက လက်ရှိခြေစွမ်းပိုင်းမတည်ငြိမ်သလို ချန်ပီယံလီဂ်ကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ ဆောက်သမ်တန်ရဲ့ အိမ်ကွင်းခံကစားအားကြောင့် မန်စီးတီးအမှတ်ပြည့်ရရင်တောင် အတော်လေး အားစိုက်ရမယ်။

စပါး-အဲဗာတန် ည ၁၀း၃၀(၃၀-၁၁-၁၄)

အဲဗာတန်က ဒီရာသီမှာ ခြေမငြိမ်ဘူး။ အထူးသဖြင့် ခံစစ်ကစားပုံမှာ အားနည်းမှုတွေရှိနေသလို ယူရိပါလိဂ်ကြောင့်လည်း ပွဲပန်းလာဖို့ရှိနေတယ်။ ဒါပေမယ့် စပါးကလည်း ဒီရာသီမှာ ခြေပျက်နေကာ အဲဗာတန်နည်းတူ ယူရိပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တယ်။ စပါးအိမ်ကွင်းဖြစ်ပေမယ့် အဲဗာတန်အမှတ်ခွဲယူနိုင်ခြေရှိတယ်။

ဘာစီလိုနာနောက်ခံလူ သောမက်ဗာမေလန် ဒဏ်ရာပြဿနာကြောင့် ငါးလကြာအနားယူရမည်

ဘာစီလိုနာနောက်တန်းကစားသမား သောမက်ဗာမေလန်သည် ပေါင်ဒဏ်ရာ ခွဲစိတ်ကုသရမည်ဖြစ်သောကြောင့် ငါးလကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၉)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဗာမေလန်သည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဘာစီလိုနာနောက်ခံလူ ဗာမေလန်သည် ဒဏ်ရာပြဿနာကြောင့် လေးလမှ ငါးလအထိ အနားယူရမည်ဖြစ်ပြီး လာမည့်နှစ် ဧပြီလရောက်မှသာ ဘာစီလိုနာအသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာနိုင်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

ဗာမေလန်သည် ၂၀၁၀ ခုနှစ်အတွင်းကလည်း ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရပြီး ကာလကြာအနားယူခဲ့ရသည်။ သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီကမူ အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၂၁ ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ **(ငွေကြယ်)**

မန်ယူတိုက်စစ်မှူး ဗန်ပါစီအား ခေါ်ယူစာချုပ်ရန် မန်စီနီ ပစ်မှတ်ထားနေ



အင်တာမီလန် အသင်းနည်းပြ ရောဘတ်တိုမန်စီနီသည် မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ မန်စီနီသည် ၂၀၁၂ ခုနှစ်က မန်စီးတီးအသင်း နည်းပြအဖြစ် တာဝန်ယူခဲ့စဉ် ကာလအတွင်းက တိုက်စစ်မှူး ဗန်ပါစီအား ခေါ်ယူစာချုပ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။ ထို့ကြောင့် ယခုတွင်မူ တိုက်စစ်မှူး ဗန်ပါစီအား အိုးထရက်ဖို့ဒ်မှ အီတလီမြေသို့ အရောက်ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ မန်စီနီသည် အင်တာမီလန် နည်းပြတာဝန်ကို နိုဝင်ဘာ ၁၄ ရက်က စတင်ထမ်းဆောင်ခဲ့သည်။

တိုက်စစ်မှူး ဗန်ပါစီသည် မန်ယူအသင်းနှင့် လက်ရှိစာချုပ်သည် တစ်နှစ်ကျန်ရှိနေသေးခြင်းကြောင့် နည်းပြ ရောဘတ်တိုမန်စီနီအနေဖြင့် ဗန်ပါစီအား ခေါ်ယူရန် ရာသီကုန်အထိ စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားလာသည်။ မန်ယူအသင်းကမူ တိုက်စစ်မှူး ဗန်ပါစီ၏ လက်ရှိစာချုပ်ကို ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ပါက တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဗန်ပါစီသည် မန်ယူအသင်းက အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် မန်ယူအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီး နည်းပြသစ်ဗန်ဟားလ်လက်ထက်တွင် သုံးဂိုးသွင်းယူပေးထားသည်။

ဗန်ပါစီသည် မန်ယူအသင်းနှင့် အတူ ပထမဆုံးသော ပရီမီယာလီဂ်ဖလားကို ရယူပေးခဲ့စဉ်က မန်ယူအသင်းအတွက် သွင်းဂိုး ၂၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်ရာသီကမူ လိဂ်သွင်းဂိုး ၁၂ ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ **(နိုင်လင်းကြည်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးစက်ပစ္စည်း များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်ကို နေပြည်တော်၊ ကျန်းမာရေးဝန်ကြီး ဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၄)ဘဏ္ဍာရေးဌာနစိတ်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၄၁၁၃၅ သို့ဆက်သွယ်၍လည်း ကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် စျေးနှုန်းတင်သွင်းလွှာ-
စတင်ရောင်းချမည့်ရက် - ၂၈-၁၁-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၈-၁၂-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေး(ဖြည့်စွက်)လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်ရေး(ဖြည့်စွက်) လုပ်ငန်းအသေးစိတ်ကို နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၄) ဘဏ္ဍာရေးဌာနစိတ်တွင် ရုံးချိန် အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၄၁၁၃၅ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ဆောက်လုပ်ရေး(ဖြည့်စွက်)လုပ်ငန်း စျေးနှုန်းတင်သွင်းလွှာ-
စတင်ရောင်းချမည့်ရက် - ၂၈-၁၁-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၈-၁၂-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့

Job seekers
Hot Line : 01 510313
www.myanmarjobseekers.com,
www.facebook.com/myanmarjobseekers
အပတ်စဉ် စနေနေ့ထုတ်
ဈေးဆိုင်ကား
ဈေးဆိုင်ကားပေါ်ရှိ ဝန်ထမ်းများ၊ ကုန်ကူးသည်များ၊ ကုန်ပို့ဝန်ဆောင်မှုများ

မြန်မာနိုင်ငံ စီးပွားရေး အကူးအပြောင်း
* ဆွေးနွေးစရာနှင့် ရွေးချယ်စရာ အကြောင်းအရာများ *

ဟောပြောမည့်ပုဂ္ဂိုလ်များ

1. Professor Ronald Findlay,
Ragnar Nurske Professor Emeritus of Economics, Columbia University and Research Professor, Yangon Institute of Economics (1966 - 1968)
2. Dr U Myint,
President's Chief Economic Advisor
3. Dr Yin Yin Nwe,
President's Chief Education Advisor
4. U Tin Htut Oo,
Chairman, National Economic and Social Advisory Council
5. Dr Tin Maung Maung Than,
Senior Research Fellow, Institute of Southeast Asian Studies, Singapore
6. Assco. Prof. Sean Turnell,
Macquarie University, Sydney, Australia
7. U Than Tun a.k.a. Ashok Nath,
Chairman, Exedra Events
8. U Maung Maung Hla,
Governor, Central Bank of Myanmar (1986 - 1987)

ကျင်းပမည့်နေ့ရက် ၃၀ - ၁၁ - ၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီ
ကျင်းပမည့်နေရာ UMFCCI မဂ်လာခန်းမ, မင်းရဲကျော်စွာလမ်း, လမ်းမတော်မြို့နယ်, ရန်ကုန်

Organized by ....
YUE UMFCCI MIEGA

စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်။

လယ်ဝေးမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် သက်သေများနှင့်အတူ သာဝတ္ထိမှ ပျဉ်းမနားမြို့ရှောင်လမ်းဘေး သာဝတ္ထိ ပူးပေါင်းစစ်ဆေးရေဂိတ်နှင့် ကြာအင်းကျေးရွာကြားရှိ သစ်ပင်အောက်တွင် ထိုင်နေသူ မန္တဲ့ကြည်(၅၁)နှစ် သရက်ကုန်းကျေးရွာ လယ်ဝေးမြို့နယ်နေသူအား သတင်းအရရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အတွင်းခံဘောင်းဘီအတွင်း၌ ဝှက်၍သယ်လာသည့် အပြာရောင်ပလတ်စတစ်အိတ်အတွင်း WY စာတန်းပါ စိတ်ကြွဆေးပြား ၂၀၀(၂၀ ဂရမ်ခန့်)နှင့် အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် သာဝတ္ထိနယ်မြေရဲစခန်းက မယ(ပ) စ/၂၀၁၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)ဖြင့် တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တရားခံ၏ထွက်ဆိုချက်အရ မန္တဲ့ကြည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ မန္တဲ့ကြည် နေအိမ်အောက်ထပ်တွင် တွေ့ရသော ပခုက္ကူမြို့နယ် မြစ်ဖျားကျေးရွာနေ မဌေး(၃၅)နှစ်ဝတ်ဆင်ထားသည့် အတွင်းခံအင်္ကျီအိတ်ကပ် နှစ်ခုအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၉၀ (၉၉ ဂရမ်ခန့်)၊ ဘိန်းဖြူမှုန့် သုည ဒသမ ၀၂ ဂရမ်ခန့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိပြီး အဆိုပါပစ္စည်းများမှာ မန္တဲ့ကြည် အပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ မဌေးနှင့် မူးယစ်ဆေးဝါးပိုင်ရှင် မန္တဲ့ကြည်တို့အား သာဝတ္ထိနယ်မြေရဲစခန်းက မယ(ပ) ၉/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉ (က) ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ကျော်တက်မောင်းနှင်သည့် ခရီးသည်တင်ယာဉ် ရှေ့မှယာဉ်နှစ်စီးအား တိုက်မိ

နေပြည်တော် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထိလာ မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၈၁/၂-၃)ကြားတွင် နိုဝင်ဘာ ၂၃ ရက်ည ၁၁ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ သူရဝင်း(၃၀)နှစ် မောင်းနှင်လာသော 4E/--- 'တက်လမ်း' ခရီးသည်တင်မှန်လုံယာဉ်မှာ 7H/--"BOSS" ခရီးသည်တင် မှန်လုံယာဉ်အား ကျော်တက် မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ မောင်းနှင်နေသည့် 4D/--- ကရီနာ မီးခိုး ရောင်ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိသဖြင့် ယာဘက်သို့ ဆွဲချစဉ် "BOSS" ခရီးသည်တင်မှန်လုံယာဉ်၏ ဝဲဘက်ဘော်ဒီအား ထပ်မံဝင်ရောက်တိုက်မိခဲ့ပြီး 4D/--- ကရီနာယာဉ်မှာ တစ်ဖက် ယာဉ်ကြောအား ကျော်တက်ကာ လမ်းဘေး မြေသားလမ်းပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

တိုက်ပြိုပျက်ရာ အလုပ်သမားတစ်ဦး ဒဏ်ရာရ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် သမိုင်း(၈)လမ်း လမ်းသွယ်(၁)ထောင့်ရှိ အိမ်ရှင်----ပိုင်ဆိုင်သည့်အိမ်ကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဖြိုဖျက်ရာ တိုက်ဘေးခြမ်းပြိုကျပြီး အလုပ်သမား မောင်ထွန်းမင်း အသက်(၂၅) နှစ်မှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ရန်ကုန်ဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ညီညီ(သမိုင်း)

ဝိုင်းမော်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်က သတင်းအရ ဝိုင်းမော်မြို့ ရပ်ကွက် (၁) မြသီတာတည်းခိုခန်း အခန်းအမှတ်(၁၀၀)တွင် တည်းခိုနေသူ ဂမ်အောင်နှင့်ရဲမြင့်တို့အား ရှာဖွေရာ ဂမ်အောင် ဝတ်ဆင်ထားသော အင်္ကျီအိတ်အတွင်းမှ မြန်မာငွေကျပ် ၄ ဒသမ ၅ သိန်းနှင့် အခန်းအတွင်း စားပွဲပေါ်မှ ဆိုင်ကယ်သော့တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး တည်းခိုခန်းဝင်းအတွင်းရှိ ဂမ်အောင်နှင့် ရဲမြင့်တို့နှစ်ဦး၏ KENBO-125 အမျိုးအစား ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ကိုယ်ထည်သံပိုက်လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀၊ မီးခေါင်းအုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသဖြင့် ဂမ်အောင်(၄၄)နှစ်နှင့် ရဲမြင့်(၃၇)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်းသိရသည်။

(ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ရောင်စုံပုံနှိပ်မင်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ရောင်စုံပုံနှိပ်မင်များကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Web Offset Ink (Black)	-	41600 Kg
(ခ) Web Offset Ink (Cyan)	-	8600 Kg
(ဂ) Web Offset Ink (Magenta)	-	8600 Kg
(ဃ) Web Offset Ink (Yellow)	-	9200 Kg

၂။ တင်ဒါပုံစံများကို (၁-၁၂-၂၀၁၄)ရက်နေ့မှစ၍ (၁၅-၁၂-၂၀၁၄)ရက်နေ့အထိ နေ့စဉ် (၀၉း၃၀) နာရီမှ (၁၆း၃၀) နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၅-၁၂-၂၀၁၄)ရက်နေ့ နံနက် (၀၉း၃၀) နာရီမှ (၁၆း၃၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါဖောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၂၊ ၀၆၇-၄၁၂၀၅၈၊ ၀၆၇-၄၁၂၂၈ စသည့် ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၀၂၂၊ ၀၆၇-၄၁၂၀၅၈၊ ၀၆၇-၄၁၂၂၈	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၂

A member of
SHWE TAUNG GROUP

Developed by
Shwe Taung Property

Shwe Taung Property
မိတ်ဆက်ပွဲ နှင့် အိမ်ရာအရောင်းပြပွဲ

GREAT SALE & DOUBLE CHANCE
Nov 30th @ Sedona Hotel Mandalay

WIN 15% OFF A PURCHASE &
WIN A BMW 5 SERIES
(Terms & Conditions Apply)

Public Show Time
မွန်းလွဲ (၁း၀၀)နာရီ၊ ညနေ (၃း၀၀)နာရီ
နီနီခင်ဇော် ၊ဝေလ
ညနေ (၅း၃၀)နာရီ၊ ည (၇း၀၀)နာရီ
ဖြူဖြူကျော်သိန်း၊ အိုင်းရင်းဇင်မာမြင့်

Lucky Draw
iPhone 6 & iPad Mini 3

For Sale Enquiry,
01-2300077, 01-211430

လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ မြင်းမူမြို့တွင် သရုပ်ပြသ

မြင်းမူ၊ နိုဝင်ဘာ ၂၈

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြင်းမူမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းက သာမန်မီးလောင်ခြင်း၊ လောင်စာဆီအမျိုးမျိုးကြောင့် လောင်ကျွမ်းခြင်း၊ ဂက်စ်ကြောင့်လောင်ကျွမ်းခြင်းနှင့် လျှပ်စစ်ဝါယာရှော့ကြောင့်လောင်ကျွမ်းခြင်းများကို မီးသတ်ဆေးဘူး အသုံးပြုပြီး အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်မှုကို လက်တွေ့သရုပ်ပြသခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် လေ့ကားနှင့် အပေါ့စားမီးသတ်စက်များ သယ်ဆောင်နေရာယူပြီး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားဖြင့် မီးသတ်ပိုက်များအသုံးပြုပြီး မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းက ပွင့်လင်းရာသီတွင် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် အသင့်အနေအထားဖြစ်နေစေရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလေ့ကျင့်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းအပြင် ၎င်းက မြို့နယ်အတွင်းရှိအရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း မီးသတ်ပညာ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ထားပြီးဖြစ်သည့် အတွက် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းလေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ

ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့်တန်ဖိုးမြှင့်ထုတ်ကုန်နည်းပညာသင်တန်းဖွင့်

ကသာ၊ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တွင် ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနား တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးဦးအောင်မောင်းက အမှာစကား ပြောကြားခဲ့သည်။

ဌင်းက ယခုသင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တောင်သူများ အဆင့်မြင့်နည်းပညာများ ရရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်က မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှု အများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပြီး ကသာ၊ ထီးချိုင့်မြို့နယ်များမှာ ကြံအများဆုံးစိုက်ပျိုးသဖြင့် လာရောက်သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက စက်မှုသီးနှံဖွံ့ဖြိုးမှုဦးစီးဌာနမှ သင်တန်းဖွင့်ပေးခြင်းအတွက်ကျေးဇူးတင်ကြောင်း၊ ကသာခရိုင်တွင်မြေလွတ်မြေရိုင်းများပေါများသည့်အတွက်စိုက်ပျိုးမြေများ ကူညီပေးနိုင်ကြောင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၂၅ ရက် မှ ၂၇ ရက်အထိဖြစ်ပြီး ပို့ချမည့်ဘာသာရပ်များမှာ GAP စိုက်စနစ်၊တစ်ဆင့်ချင်းစိုက်စနစ်၊ လမိုင်းပြုပြင်ခြင်း၊ မျိုးကွဲသွင်ပြင်လက္ခဏာ၊ မျိုးသန့်ပွားများထုတ်လုပ်ရေး၊ ရေလိုအပ်ချက်၊ ရောဂါပြန့်မွှား၊ သုတေသန၊ ရိတ်သိမ်းချိန်လွန်နည်းပညာတို့ဖြစ်ကြောင်း သိရသည်။

အေးလွင်(ကသာ)

မူဆယ်ဒေသရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်

ပန်ဆိုင်း၊ နိုဝင်ဘာ ၂၈

မူဆယ်မြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်) မြို့၊ နမ့်တောင်-ဖာခမ်းကျေးရွာချင်းဆက်လမ်းအား ယခင်ဆိုင်ကယ် သွားလမ်းမှ ၂၄ ပေ အကျယ် မြေသားလမ်းတစ်မိုင် ဖောက်လုပ်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါလမ်းအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ် ၁၄ ဒသမ ၀၇ သန်း၊ လမ်းပေါ်တွင် ကွန်ကရစ်တံတား ၁၀၀ ပေ ဆောင်ရွက်ပေးရန်အတွက် ၃၇ ဒသမ ၂၅ သန်း စုစုပေါင်း ၅၁ ဒသမ ၃၂ သန်းဖြင့် မြန်မာ့မြားဦးကုမ္ပဏီက တင်ဒါအောင်မြင်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

မြို့နယ်ကျေးလက်(မူဆယ်)

လောက်ကိုင်မြို့ မေတ္တာရင်ခွင်ဂေဟာမိဘမဲ့ကျောင်း၌ ခြုံထည်စောင်များ လှူဒါန်း

လောက်ကိုင်၊ နိုဝင်ဘာ ၂၈

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၊ အမှတ်(၃) ရပ်ကွက်ရှိ မေတ္တာရင်ခွင်ကလေးဂေဟာမိဘမဲ့ကျောင်း၌ နိုဝင်ဘာ ၂၁ ရက်ညနေ ၃ နာရီက လောက်ကိုင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စန်းစန်းညွန့်က ဦးစီး၍ မြို့နယ်မိခင်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ကိုးကန့်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ လိုအပ်လျက်ရှိသော ခြုံစောင်များကိုထောက်ပံ့လှူဒါန်းပေးခဲ့သည်။

အဆိုပါ မိဘမဲ့ကျောင်းသည် လောက်ကိုင်ဆီအောကျေးရွာသွားကားလမ်းမကြီးဘေးတွင်ရှိပြီး လက်ရှိတွင် ကလေးငယ် ၅၀ အားစောင့်ရှောက်ထားရှိသည်။

ခရိုင်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်

မော်လမြိုင်ကျွန်း၊ နိုဝင်ဘာ ၂၈

မော်လမြိုင်ကျွန်းမြို့ သာသနကာရီဓမ္မရိပ်သာ ပရိယတ္တိစာသင်တိုက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော ကျပ်သိန်း ၁၅၀၀ ကျော်တန် သုခါဟာရ ဘောဇနကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သုခါဟာရဘောဇနကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးသွားသဖြင့် သာသနကာရီဓမ္မရိပ်သာ ပရိယတ္တိစာသင်တိုက်ရှိ စာသင်သားသံယာတော်များနှင့် မြို့နယ်၏ သာသနာတော် တိုးတက်ပြန့်ပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ကျေးဇူးအထူးတင်ရှိပါကြောင်း

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက်အထိ နတ်မောက်မြို့တွင် ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်ပွဲတော်အခမ်းအနားတွင် လက်ဖက်ရည်၊ ပဲပြုတ်၊ နံပြား ကျွေးမွေးရန်အတွက် နို့ဆီ၊ နို့စိမ်း လျှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပြီး ဆက်လက်လျှဒါန်းမည့် ပုဂ္ဂိုလ်များကိုလည်း ဖိတ်ခေါ်အပ်ပါသည်။

၁။ SB (ကျိုင်းတုံ မုန့်တိုက်မိသားစု) ပလတ်စတစ်အိတ်လုပ်ငန်း
အောက်ကြည့်မြင်တိုင်း၊ အလုံ။
နို့ဆီ ၁၂ ဒါဇင် (၃ သေတ္တာ)၊ နို့စိမ်း ၁၂ ဒါဇင် (၃ သေတ္တာ)

၂။ ဒေါ်မိုး မင်္ဂလာဒုံ၊ နို့ဆီ ၈ ဒါဇင်(၂ သေတ္တာ)၊ နို့စိမ်း ၈ ဒါဇင် (၂ သေတ္တာ)

၃။ ဦးမျိုးဝင်း မိသားစု
နို့ဆီ ၈ ဒါဇင် (၂ သေတ္တာ)၊ နို့စိမ်း ၈ ဒါဇင် (၂ သေတ္တာ)

လုပ်အားဒါန လုပ်ကိုင်လျှဒါန်းလိုသည့် လက်ဖက်ရည် အဖျော်ပညာရှင်၊ နံပြားရိုက်ပညာရှင်တို့အား ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ် ဆက်သွယ်စုံစမ်း၍ လျှဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လျှဒါန်းနိုင်ပါသည်။

(၁) ဦးတက်တိုး(ခ)ဦးမြင့်ဦး ဖုန်း-၀၉ ၅၀၇၂၆၅၅(ရန်ကုန်)
(၂) ဦးတိုး ဖုန်း-၀၉ ၂၅၆၀၄၅၈၆၅(နတ်မောက်)
(၃) ဦးတင်ဝင်း ဖုန်း-၀၉ ၄၃၀၉၁၈၂၂ (ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း-၈-FMIအိမ်ရာ၊ မြေကွက်-၂၁၁၊ ဧရိယာ-၀. ၀၅၅ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကိုကိုဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ဆ/ဦး အရောင်းအဝယ်စာချုပ်(၁၈၁၆/၂၀၀၂)နှင့် (၇၇၈၅/၂၀၁၄)တို့တင်ပြ၍ ဒေါ်မိုးပမကျော်[၁၂/တမန(နိုင်)၀၀၃၂၀]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၂၉/ခ၊ မြေကွက်တည်နေရာအမှတ်-၂၉/ခ၊ (၃)မာန်ပြေ၊ ၂၂လမ်းအရှေ့၊ သာကေတမြို့နယ်၊ ဦးအောင်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း(ဖခင်)နှင့် ဒေါ်အုန်းစိန်(မိခင်) တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဝင်းတင်[၁၂/သကတ(နိုင်)၀၃၄၉၀၁]နှင့် ဒေါ်စန်းစန်း(ဌေး)[၁၂/ဝတာထ(နိုင်)၀၄၄၄၅]တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၅၅/၂၀၀၉)ရသူ ဒေါ်နှင်းသန္တာစိုး[၁၂/ဒပန(နိုင်)၀၃၆၄၃]တို့မှ သေစာရင်းနှင့်ကျွမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ဘိုးလုံးသာ အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှားသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်၊ မြေကွက်အမှတ်၆၁၄/ခ၊ မြေကွက်တည်နေရာအမှတ် ၆၁၄/ခ၊ မြေနီ(၃)လမ်း၊ ၇/အနောက်ရပ်ကွက် သာကေတမြို့နယ်၊ ဒေါ်တင်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဒေါ်တင်မြင့် ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်(၄၆၉၇/၂၀၁၂) (၁၇-၉-၁၂)ဖြင့်ပိုင်ဆိုင်ခဲ့သူ ဦးမောင်မောင်[၁၂/သကတ(နိုင်)၀၀၇စ၃၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁စ၀၈၆/၂၀၁၁) (၁၀-၁၀-၁၁)ရရှိသူ ဦးကြည်အေး[၁၂/သကတ(နိုင်)၀၄၂၂၂]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူ မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေဌားစာချုပ်အမှတ်[သကတ/၇(နှ)၀၄၅၉/ဧ၃]အမည်ပေါက်နှင့် နှစ်(၆၀) မြေဌားစာချုပ်(ဂရန်)မူရင်းအား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ ၂၈၃ ပိုလ်ချုပ်လမ်း(၂)ရပ်ကွက်၊ အမှတ်(၁၄)နေ အဖ ဦးလှ၏သား ဦးသိန်းဦးနှင့် ဦးသိန်းဝင်း[၁၄/ကလန(နိုင်)၀၀၄၈၀၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးသိန်း(ခ)ဦးသိန်းဝင်း

ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၁၁-ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၃/၆(က)နေ ဦးသောင်းစိန်(AKB-၁၂၆၀၂)အမည်ပေါက် မြေဝရန် (၃/၆-က)မူရင်း နှင့် ဒေါ်ညွှန့်တင် ပါ သန်းခေါင်စာရင်းမူရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၅၅၉၂

ကန့်ကွက်နိုင်ကြောင်းအမှားသိစေရန်ကြေညာစာခြင်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၁) လူနေရပ်ကွက်အမှတ်(၁)အနော်မာ(၁၂)လမ်း မြေကွက် အမှတ် ၅၀၇/ခပေ(၂၀X၆၀) အကျယ်အဝန်းရှိ မြေကွက်မှ တရားဝင် မဖွဲ့ မစိတ်ရသေးသော အရှေ့ဘက်အခြမ်း(၁၀)ပေX၆ပေ(၆၀) မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကိုဆက်စပ် အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိနေထိုင်လျက်ရှိသူဦးအောင်မြင့် ၁၀/မလမ(နိုင်) ၁၇၃၄၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ အဆိုပါမြေအိမ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ရေးရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက် နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်း /အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောက်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဦးတင်မြိုင် (LLB,DBL. တရားလွှတ်တော်ရှေ့နေ)
တိုက်(၅၀)၊ အခန်း E-12ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 49310423

အတွေးအမြင်

မြွေတစ်ကောင်၏သင်ခန်းစာ

à 0[illegible])

ဦးခေါင်းခွံနှစ်လုံးနှင့် မြွေပုံပြင်ဇာတ်လမ်းကို လွန်ခဲ့သော ၁၅ နှစ် အနှစ် ၂၀ ခန့်က စာအုပ်တစ်အုပ်တွင် ဖတ်ဖူး၏။ မည်သည့်အမည်သညာရှိသည့်စာအုပ် မည်သူရေးသည် မမှတ်မိတော့။ ဇာတ်လမ်းကိုတော့ စွဲနေအောင် မှတ်မိသည်။ တစ်ခါက စာအုပ်ကြီးတစ်ခုထဲတွင် မြွေမကြီးမှ ဦးခေါင်းနှစ်လုံးပါရှိသည့် မြွေသားတစ်ကောင် ပေါက်ဖွားခဲ့၏။ ကိုယ်လုံး၊ အမြီးတစ်ခုတည်းသာရှိသော်လည်း ဦးခေါင်းက နှစ်လုံးဖြစ်နေ၏။ ဦးခေါင်းနှစ်လုံးရှိတော့ မျက်လုံးကိုယ်စီ ပါးစပ်ကိုယ်စီ အစွယ်ပါးပျဉ်းတို့လည်း ကိုယ်စီကိုယ်င ရှိကြသည်ပေါ့။ ဒီတော့ မာန်မာနတွေအပြိုင် ထား၍ တစ်ခေါင်းနှင့်တစ်ခေါင်း မာန်ဖီနေကြတော့သည်။ ဘယ်သောအခါမှ တည့်သည်မရှိ ရန်စောင်စောင်းမြောင်း၍သာ နေကြသည်။ ဦးခေါင်းတစ်ခေါင်းက ဘယ်ဘက်လမ်းကို ဦးတည်သွားလျှင် ကျန်ဦးခေါင်းတစ်ခေါင်းက ညာဘက်လမ်းကို သွားချင်သည်။ ဦးခေါင်းတစ်ခေါင်းက ညာဘက်လမ်းကို ဦးတည်သွားလျှင် ကျန်ဦးခေါင်းက ဘယ်ဘက်လမ်းကို သွားချင်သည်။ နှစ်ခေါင်းပြိုင်ရုန်းတော့ ကန့်လန့်ကန့်လန့်နှင့် အားများရာဘက်သို့ လိမ်ဖယ်လိမ်ဖယ် အချိုးမကျ ရှေ့မတိုးသာ နောက်မဆုတ်သာ ရွေ့လျားမ၍သာနေတော့သည်။

ဤကဲ့သို့ တစ်စတစ်စဖြင့် အချိန်ကုန်လာခဲ့ရင်းဖြင့် တစ်နေ့တွင် ဓားပြားကြီးတစ်လက်ထောင်ထားသကဲ့သို့ဖြစ်နေသော ကျောက်ပြားချွန်ချွန်ကြီးရှေ့တည့်တည့်သို့ ထိုဦးခေါင်းနှစ်လုံးနှင့် မြွေရောက်လာ၏။ ထိုကျောက်ပြားချွန်၏ ယာဘက်မှ ရှောင်သွားရန် ဝဘက်ဦးခေါင်းက စတင်ရွေ့လျားလေ၏။ ထုံးစံအတိုင်း အရွဲ့တိုက် ကန့်လန့်ပြုရန်ကျန် ဦးခေါင်းက ကျောက်ပြားချွန်ချွန်၏ ဝဘက်မှ ရှောင်သွားရန် ဆုံးဖြတ်၍ ယာဘက်ဦးခေါင်းနှင့် အားပြိုင်လှုပ်ရှားလေ၏။ မာနချင်းလည်းပြိုင်၊ ဒေါသချင်းပြိုင် ခွန်အားချင်းလည်းပြိုင် နောက်ဆုံးအတ္တနှင့် မာန်မာန၏အလိုကို လိုက်ပါပြီး ရှေ့ပြိုင်တိုးလေတော့ ဓားသွားကဲ့သို့ ချွန်မြလှသော ကျောက်ချွန်ပြားသည် ဦးခေါင်းနှစ်လုံး၏ အလယ်မှ ဘယ်တစ်ခြမ်း ညာတစ်ခြမ်း ခြမ်းပြီးဖြတ်ခွဲ၍ အဆိုပါဦးခေါင်းနှစ်လုံးနှင့် မြွေ ခန္ဓာစဲ၍ နှစ်ခြမ်းကွဲကာ သေပွဲဝင်ရရှာလေသည်။ ညီညွတ်မှု၏တန်ဖိုးကို မသိရှာလေ၍ အချိန်မတန်မီ ပျက်စီးရကြောင်း ထိုဦးခေါင်းနှစ်လုံးတို့ သိသွားဟန်မတူ။

ဤကဲ့သို့ ညီညွတ်မှုမရှိ၍ ပျက်စီးရလုံ၊ ညီညွတ်မှုရှိ၍ အောင်နိုင်ရလုံးများကို စာသင်ခန်းများတွင်လည်းကောင်း၊ ပြည်ပအခြေအနေများတွင်လည်းကောင်း၊ သင်ယူဖူးကြပြီ။ စည်းလုံးခြင်းသည်အင်အား၊ တစ်ယောက်ဆောင်သော်မရ တစ်သောင်းဆောင်သော်ရ၏။ နွားကွဲလျှင်ကျားဆွဲ၊ ဝါးတစ်လုံးတည်းချိုးရလွယ်သော်လည်း ဝါးတစ်စည်းဆိုလျှင် ချိုး၍မရ စသည်ဖြင့် ညီညွတ်မှု၏တန်ဖိုးကို သိစေ၏။

အဆမတန် အင်အားကြီးမား ကိုယ်ကောင်ထွားသော ဆင်ရိုင်းကြီးအား လက်တောက်လောက်ရှသော ဘီလုံးဌက် မလေးဦးဆောင်သည့် ညီညွတ်မှုအင်အားက အံ့ဘနန်း အနိုင်ရခဲ့ပေသည်။ တစ်ယောက်တစ်ပေါက် ငါ့လေ့ငါ ထိုး၊ ငါ့မြင်းငါးစိုင်း ထင်တိုင်းကြဲနေကြလျှင်ဖြင့် ဦးခေါင်းနှစ်လုံးနှင့်မြွေလို အားလုံးကိုယ်ကျိုးနည်းဖို့သာ။ ဘာတွေပဲ လုပ်လုပ် ဘာတွေပဲပြောပြော ကန့်ကွက်မည်၊ ဝေဖန်မည်၊ ဆန့်ကျင်မည်။ မစခင်လည်း ကန့်ကွက်မည်။ မဆုံးခင်လည်း ကန့်ကွက်မည်။ ဘယ်အရာကိုမျှ အကောင်းမမြင်တော့။ ဝေဖန်ရှုတ်ချ ပြစ်တင်ကန့်ကွက် စသည်ကသာ များနေလေတော့ ခေါင်းနှစ်လုံးနှင့်မြွေလို ကန့်လန့်ကန့်လန့် လိမ်ဖယ်လိမ်ဖယ် ရှေ့မတိုးသာ နောက်မဆုတ်သာ အချိုးအစားမကျ ရွေ့လျားနေကြလျှင်ဖြင့် ပျက်စီးခြင်း၊ ပြိုကွဲခြင်း၊ ဆုံးရှုံးခြင်း စသည့်အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်မှာ မလွဲပေ။

တစ်ချိန်က မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သော မင်းသားကြီးညွှန့်ဝင်း ခေါင်းဆောင်ပါဝင်သည့် အဖေနှင့် သားများ ဇာတ်လမ်းကြည့်ပြီး အတော်နှစ်ခြိုက်ခဲ့ပါသည်။ ဘယ်နှစ်ကြိမ်ပြန်လာလာ အစအဆုံး ကြည့်ဖြစ်သည်ချည်း။ တစ်အိမ်တည်းနေသူ ညီအစ်ကိုများ အချင်းချင်း ဘေးသူစိမ်းတို့ သွေးခွဲမှုကြောင့် သွေးကွဲနေကြရသည်မှာ သူတို့အိမ် ညသန်းခေါင် သူခိုးဝင်ခိုးနေသည်ကို အားလုံးက သိနေကြသည့်တိုင် မည်သူမျှ ဖမ်းဆီးဟန့်တားနိုင်မှုမရှိဘဲ အိပ်ချင်ယောင်ဆောင် အကြောက်ဖြေနေကြရသည်။

သန်သန်မာမာ ညီအစ်ကိုများသော်လည်း မည်မည္ဓတ်မှု အကြောင်းတရားအရင်းခံပုံ၊ မိမိတို့ ဘိုးဘွားလက်ထက်က ပိုင်ဆိုင်လာခဲ့သော အိမ်ခြံကြီးကို မသမာသူများက မတရားအချောင်ရယူပိုင်ဆိုင်လိုသောကြောင့် အမွေဆိုင်သားများအချင်းချင်း စိတ်ဝမ်းကွဲအောင် ဖျားယောင်းသွေးထိုးလှုံ့ဆော်ပုံ၊ ဦးလေးဖြစ်သူက ရဟန်းပြုသွားသော နောင်တော်၏ဆန္ဒအတိုင်း အနုနည်းရော အကြမ်းနည်းပါ သုံး၍ ဖျားယောင်းသွေးဆောင်ခံရသော သွေးကွဲနေကြသော တူများအတွက် မတန်တဆ စျေးပေါပေါဖြင့် ရောင်းတော့မည့် ဘိုးဘွားအမွေအိမ်ခြံမြေကို ဟန့်တားကာကွယ်ပေးပုံ၊ စည်းလုံးညီညွတ်ခြင်းဖြင့် ပြင်ပအနှောင့်အယှက်ရန်စွယ်များကို အပြီးသတ်ချေမှုန်းပုံများကို တင်ဆက်ပြသသွားသည်မှာ ကြည့်မဝနိုင်သကဲ့သို့ သင်ခန်းစာလည်း ယူထိုက်ပါသည်။

နွားများမှာ အကောင်ကြီးသော်လည်း ညီညွတ်မှု၏ အင်အားကို မသိသဖြင့် ကျား၊ ခြသေ့တို့၏ အစာများ ဖြစ်သော်လည်း အုပ်စုလိုက် ဖွဲ့စည်းညီညွတ်သော တောခွေးတို့ကား မည်သည့်သားရဲတို့၏ အစာတစိုးတစိမျှ မဖြစ်ချေသည်တကား။

မူးဝရွာထောင်ကျေးရွာတွင် မိုးစပါးများ စတင်ရိတ်သိမ်းရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ရိတ်သိမ်းခြွေလှေစက် ပံ့ပိုးကူညီ

မြင်းမူ၊ နိုဝင်ဘာ ၂၈

မြင်းမူမြို့နယ်၊ မူးဝရွာထောင်ကျေးရွာ၊ ကွင်းအမှတ် (၃၆၀) နှင့် (၃၆၁) တို့တွင် စိုက်ပျိုးထားသော မနောသုခနှင့် ပုလဲသွယ်စပ်မျိုးစပါးများကို နိုဝင်ဘာ ၂၅ ရက်က စတင်ရိတ်သိမ်းခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးပေးသည့် KS 9300 Combine Harvester ရိတ်သိမ်းခြွေလှေစက်ဖြင့် ရိတ်သိမ်းခြွေလှေနေကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရိတ်သိမ်းခြွေလှေစက် ကူညီပံ့ပိုးပေးသည့်အတွက် စပါးရိတ်လုပ်သားရှားပါးမှုအခက်အခဲကို အဆင်ပြေစေကြောင်း၊ စပါးရိတ်လုပ်သားများဖြင့် ရိတ်သိမ်းပါက တစ်ဧကလျှင် ကျပ်ကိုးသောင်းခန့် ကုန်ကျကြောင်း၊ KS 9300 Combine Harvester ရိတ်သိမ်းခြွေလှေစက်ဖြင့် ရိတ်သိမ်းပါက တစ်ဧကလျှင် ကျပ်သုံးသောင်းခန့်ထောင်သာ ပေးသွင်းရသည့်အတွက် အချိန်ကုန်၊ ငွေကုန် သက်သာစေပြီး စပါးလေလွင့်မှုလည်း မရှိတော့ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေစက်ကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၄၂) စက်မှုလယ်ယာစခန်းမှ ကျွမ်းကျင်ဝန်ထမ်းများက မောင်းနှင်ရိတ်သိမ်းပေးသည့်အတွက် တောင်သူများအနေဖြင့် ခြွေလှေပြီးစပါးများကို အဆင်သင့် ရရှိနေပြီဖြစ်သည်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ စပါးနှင့် ဂျုံစိုက်ပျိုးရာ မြို့နယ်များတွင် ရိတ်သိမ်းခြွေလှေစက်များ ပံ့ပိုးကူညီပေးခဲ့သည်။

ဖိုးခါး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရင်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/တိုးချဲ့၊ မြေကွက်အမှတ် ၃၇၂ မြေကွက်တည်နေရာအမှတ် ၃၇၂ ပြိုသစ်(၄)လမ်း။ (၁)ရပ်ကွက်၊ မရင်းကုန်းမြို့နယ်၊ ဦးစိန်မောင် အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဦးမိန်းဟောကာ (၁၅-၃-၂၀၁၃)နှင့် ဇနီးဖြစ်သူ အေးညွန့်ရီမှာ (၁၉-၉-၂၀၀၆)တွင်လည်းကောင်းသပိတ်ခေါ်ခဲ့ကြသည့် အေးရန်ဝန်းအေး(၁)မရော်မှာ (၂၄-၁၀-၂၀၁၁) တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်သားသမီးဖြစ်ကြသည့် အောင်တင်ဦး(၁/ကမတ(နိုင်)ထုတ်ထုတ်)၊ အေးသန်းသန်းဌေး(၁/ဥကမ(နိုင်)၀၉၁၇၆၀)၊ ဦးတင်မြင့်(၁၀/မလမ(နိုင်)၂၁၆၀၃၁)၊ ဦးဝင်းမြင့်(၁/မရက(နိုင်)၀၀၁၀၁၅)၊ ဒေါ်ယုဝေကြည်(၁/မရက(နိုင်)၀၁၆၆၉၉)၊ ဦးမြင့်အောင်(၁/မရက(နိုင်)၁၀၀၁၀၃)၊ အောင်ဝင်းနိုင်(၁/မရက(နိုင်)၁/ရ၂၆၆၅)၊ ဦးကော်စန်းလင်း(၁/မရက(နိုင်)၁/ဝ၉၁၀)တို့မှ သားသမီးများဖြစ်ကြောင်း ကျမ်းကျန်လွှာ၊ သေစာရင်း။ နှစ်(၆၀)ဝရန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းတရားချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ပိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြောင်းသာပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်ခန်းရောင်းမည်

စမ်းချောင်း၊
မဂ်လာလမ်း၊ ပေ(၂၅× ၅၀)
အမြင့်(၁၂ပေ) Hall Type
မြေညီထပ်(ပိုင်ရှင်အခန်း)
တိုက်သားကောင်း၊
နေရာကောင်း၊ အရှည်အရှင်မရှိ။
Phone: 09-254448233

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူ [၁၂/ဥကမ(နိုင်)၁၃၈၁၂]ကိုင်ဆောင်သူ CDC-48339 ၏ 4 Ticket သင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph : 09-73090473

KO NYAN Travel Services

"အဝအမောတွေပြေပျောက်ဖို့ကိုဂျာဏာနှင့်ခရီးသွားကြမယ်"

Hotel Package, Restaurant ဝင်္ဂီအင်နိုင်ဝ်ထုတ် (SCANIA VIP) ကားကြီးများဖြင့်

ခရစ်စမတ်ပွဲတော်အထူး

တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မေမြတော်ကတ္တူ–ထမ့်စမ်း (ကုန်လုံးဆရာတော်၏ထူးခြားမြစ်ဆဉ့်မူးမျှော်ရန်) (အထူး)

ဟိုတယ် အိပ်/စား/စက်လှေခ [ဦးမိုး] [၄ည/၅ရက်] 160000 Dec-23

ပုဂံ–ညောင်ဦး–ပဒိုး (စွယ်တော်လေးဆူ)၊ ပြည်ငါးပြည်–ပသုတ္တ၊ ဘုရားစုံ (အထူး)

ဟိုတယ် အိပ်/ စား/ တစ်ဆင့် သွားကားခ/ စက်လှေခ (ဦးမိုး)

(ညပိုင်း Dinner စာရင်းလျော်ငြေပေး)အားလုံးစရိတ်ပြီး(၃ည/၄ရက်) 90000 Dec-23

ကုမ္ပဏီ အဖွဲ့အစည်းနှင့် ပိသားစုများအတွက် ခရီးစဉ်ကားဖျိုးစုံ ကားစီးလုံး ငှားစီစဉ်ပေးသည်။

E-mail: konyan1966@gmail.com

Ph: 01-551649, 01-209183, 09-5078440, 09-73112034, 09-420085992

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ်(၃၇၄)၊ မြေကွက်တည်နေရာအမှတ်-၃၇၄၊ ပိုလ်ချုပ်(၂)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ခင်ကြည် (ISN-၂၇၀၄၁၆၉)အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြည်(မိခင်)နှင့် ဦးမောင်မောင်(ဖခင်)နှင့်သားဖြစ်သူ(ဦးခင်ရွှေ)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဒေါ်မြင့်ရီ[၁/ဒပန(နိုင်)၀၄၆၇၉] (၂)ဒေါ်သန်းရီ[၁/ဒပန(နိုင်)၀၂၁၈၇] (၃)ဦးခင်ဌေ[၁/ဒပန(နိုင်)၀၂၆၈၀]၊ (၄)ဦးစိုးမြင့်[၁/ဒပန(နိုင်)၀၂၆၈၁]၊ (၅)ဦးခင်ရွှေ၏ဇနီးဖြစ်သူ ဒေါ်စန်း[၁/ဒပန(နိုင်)၀၂၃၇၂]တို့က ကျမ်းကျိန်လွှာနှင့်သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/တောင်၊ မြေကွက်အမှတ်-၈၂၇-ခ၊ မြေကွက်တည်နေရအမှတ်-၈၂၇/ခ၊ အောင်သစ္စာ(၄)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ [ဒေါ်မြင့်မြင့်သန်း(ခ)မာလီမာ]၊ အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်သန်း(ခ)မာလီမာ(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူဦးတင်ဟန်[၁၂/ဝတထ(နိုင်)၀၃၀၀၃၃] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၀၅၈/၁၄)ရသူ ဦးထွန်းထွန်းဝင်း[၉/သစန(နိုင်)၀၉၁၈၉၃]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့် ကွက်မှုမရှိပါက ၅၃နေ့၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

UK Teaching Qualifications in Myanmar

SIS Education Services "Teaching for the society"

Diploma in TESOL (5th Batch)

13 December ဖွင့်မည်။

အမှတ် ၁၆၊ (၅) လွှာ၊ အောင်တော်မူလမ်း၊ ဂမုန်းပွင့်ကုန်တိုက်ဘေးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ Ph: 09421008412

London Teacher Training College နှင့် Special Partner Status ရ SIS Education Services တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer ဆရာ ဦးထင်စောင်ကျော် B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။ ယခင် Batch များနည်းတူ (၆) ဦးသာလက်ခံမည်ဖြစ်၍ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ။

ကလေးမြို့ရှိ လေယာဉ်ကွင်းအား ပထမအဆင့်အဖြစ် ပြေးလမ်းအရှည်ပေ ၁၅၀၀ ထပ်မံတိုးချဲ့မှုပြီးစီး

ကလေး၊ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ကလေးမြို့လေယာဉ်ကွင်းကို ပထမအဆင့်အဖြစ် ပြေးလမ်းအရှည်ပေ ၁၅၀၀ ထပ်မံတိုးချဲ့ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှကျပ် ၂၆၀၀ သန်းအကုန်အကျခံကာ မြေသားလုပ်ငန်းဆောင်ရွက်မှုပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုများအား လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ဇယားအတိုင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် စီမံကိန်းအင်ဂျင်နီယာများနှင့်အတူ နိုဝင်ဘာ ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုအချိန်တွင် ကလေးမြို့လေဆိပ် လေယာဉ်ပြေးလမ်းအား Y8 အမျိုးအစားလေယာဉ်ကြီးများဆင်းသက်နိုင်ရန်နှင့် လေယာဉ်ဆင်းသက်ပျံသန်းအကွာအဝေး ပိုမိုရရှိနိုင်ရန် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ချက်အရ ပြေးလမ်းအရှည် ၃၀၀၀ ပေထပ်မံတိုးချဲ့နိုင်ကြောင်း တွေ့ရှိရသည်။

ယင်းနောက် ကလေးမြို့လေဆိပ်လေယာဉ်ပြေးလမ်းအရှည် ၅၅၀၀ ပေ၊ အကျယ် ၁၀၀ ပေအား ပြေးလမ်းအရှည် ၇၀၀၀ ပေ၊ အကျယ် ၁၀၀ ပေ ရရှိရန် အနောက်ဘက်သို့ အရှည် ၁၅၀၀ ပေ၊ အကျယ်၁၀၀ပေမြေသားလုပ်ငန်းဆောင်ရွက်မှု ပြီးစီးပြီးနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျပ် ၁၀၀၀ သန်းအကုန်အကျခံကာ ကျောက်ကတ္တရာခင်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၃၀ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

ပိုင်းရှိ ကလေးမြို့လေယာဉ်ကွင်းကို ၁၉၄၅ ခုနှစ်တွင် အလျား ၂၄၈၀ ပေ၊ အကျယ် ၁၀၀ ပေ အမာခံမြေသားပြေးလမ်းအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် လေယာဉ်ပြေးလမ်းသည် အရှည် ၅၅၀၀ ပေ၊ အကျယ် ၁၀၀ ပေ၊ ကျောက်ကတ္တရာအထူ ၁၈ လက်မ ဖြင့် အဆင့်မြှင့်တင်တည်ဆောက်မှု ပြီးစီးကာ ခံနိုင်ဝန်အား ၇၃၀၀၀ ပေါင်ရှိပြီး လေယာဉ်ပြေးလမ်းဦးတည်ရပ်မှာ ဝ၉၀ ဒီဂရီ၊ ၂၇၀ဒီဂရီ အရှေ့မှအနောက်သို့တည်လျက် ဖော်ကာ F 28 ဆင်းသက်နိုင်သည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများပြီးစီးပြီး Y8 လေယာဉ်ကြီးများ ဆင်းသက်နိုင်ပါက လေကြောင်းခရီးစဉ်ဖြင့် ကလေး၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့ကြီးများသို့ မြန်မာ့လေကြောင်းလိုင်းများ၊ အဲပုဂံလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းများဖြင့် ကလေးမြို့လေဆိပ်မှ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ၏ လေကြောင်းခရီးသွားလာမှု ပိုမိုအဆင်ပြေ ချောမောကာ များစွာအကျိုးပြုမည်ဖြစ်သည်။

ကလေး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ လေယာဉ်အမျိုးအစားများလည်း

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ အခမဲ့ Wifi အဆင့်တိုးမြှင့်ပေး

ပခုက္ကူ၊ နိုဝင်ဘာ ၂၈

ပခုက္ကူခရိုင်တွင် အင်တာနက်သုံးစွဲသူဦးရေ တိုးတက်များပြားလာသဖြင့် ပြည်သူများ အင်တာနက်ကို ပိုမိုသုံးစွဲနိုင်စေရန် ADSL ဖြင့် အင်တာနက်အသုံးပြုမှုကို ယခင်က Class A၊ 512 Kbps အဆင့်မှ ယခုလက်ရှိ Class၊ 1.5Mbps အဆင့်သို့ တိုးမြှင့်တပ်ဆင်ပေးထားကြောင်း သိရသည်။

ထိုသို့ အဆင့်တိုးမြှင့်လိုက်သည့်အတွက် အင်တာနက်ဖမ်းယူသုံးစွဲကြည့်ရှုအသုံးပြုသူများ အဆင်ပြေလျက်ရှိကြောင်းနှင့် သုံးစွဲသူဦးရေ တိုးတက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးမှ Wifi ဖြင့် ထုတ်လွှင့်လျက်ရှိသော အင်တာနက်မှ သတင်းအချက်အလက်များကို Mobile Phone ဖြင့် ဖမ်းယူနိုင်ရေးကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စတင်ဝန်ဆောင်မှုပေးလျက်ရှိရာ အင်တာနက်အသုံးပြုသူ များပြားလာခဲ့သည်။

အောင်(မန်းတက္ကသိုလ်)

မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ စျေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရေး မီးဘေးအန္တရာယ်ကြုံတွေ့လာသည့်အခါ စနစ်တကျမီးငြိမ်းသတ်နိုင်ရန် အင်းစိန်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူး (ဒုတိယဦးစီးမှူး) ဦးထွန်းထွန်းလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီကတည်းကုန်းကုန်စိမ်စျေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကင်းဝေးစေနိုင်ရေးတို့အတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါလက်တွေ့သရုပ်ပြရှင်းလင်းပွဲသို့ အင်းစိန်မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူးနှင့်အတူ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာစျေးများဌာန စျေးဌာနစုမှူး ဒေါ်သင်းသင်းကြည်နှင့် တာဝန်ရှိသူများ၊ စျေးတာဝန်ခံ ဒေါ်အေးအေးသိန်းနှင့် စည်ပင်ဝန်ထမ်းများ၊ စျေးသူစျေးသားများ တက်ရောက်ကြကြောင်း သိရသည်။

ကျိုးနက်

ရော်ဘာခြံသစ်တည်ထောင်ခြင်းကွင်းသရုပ်ပြပွဲကျင်းပ

ရေး၊ နိုဝင်ဘာ ၂၈

ရေးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကြီးမျှူးကျင်းပသော ရော်ဘာခြံသစ်တည်ထောင်ခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တူးမြောင်းကျေးရွာအုပ်စု ရော်ဘာခြံရှင် ဦးအောင်မြင့်၊ ဦးကျော်ရွှေတို့၏ ရော်ဘာခြံအတွင်း၌ သရုပ်ပြပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲ၌ ရော်ဘာစိုက်ပျိုးရာတွင် ပင်ကြားတန်းကြားအကွာအဝေး ဖူးဆက်ရော်ဘာပျိုးပင်များဖြင့် စိုက်ပျိုးရေးဒေသနှင့်ကိုက်ညီ PB260၊ BPM 24 ဖူးဆက်ပျိုးပင်များဖြင့် လက်တွေ့ စိုက်ပျိုးခြင်းကို သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ စက်မှုစီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မျိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မတီလေးရပ်မှ တာဝန်ရှိသူများနှင့် ရော်ဘာခြံရှင်များ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်ထွန်(ရေး)**

စစ်ကိုင်းမြို့ကျေးရွာကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကျင်းပ

စစ်ကိုင်း၊ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ခက်ခအရှေ့ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သီရိပုံချီ ဦးခင်မောင်မြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးစိုးနိုင် (အေးအေးခိုင်ကျော်ဘက်မှကိုမမောဏီ) တို့က ဓမ္မာရုံရှေ့ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ လျှပ်စစ်မီးခလုတ်ခိုပ်၍ မီးလွှတ်ပေးခဲ့သည်။

ယင်းနောက် အလှူရှင်မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးညိုမန်းက "ကျွန်တော်တို့ ကျေးရွာသူ၊ ကျေးရွာသားတွေ မျှော်လင့်တောင့်တနေတဲ့ လျှပ်စစ်မီးလင်းပြီဖြစ်လို့ များစွာဝမ်းသာပါတယ်" ဟု ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ သီရိပုံချီ ဦးခင်မောင်မြင့်က ကျေးရွာသူ၊ ကျေးရွာသားများကို ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက်စကားပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာဒေသခံများတက်ရောက်ခဲ့ကြသည်။ **မျိုးဝင်း(စစ်ကိုင်း)**

အထွေထွေကိုယ်စားလှယ်လွှဲစာ

ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးမက်ဘူလိအာမက်[၁၂/မဂတ(နိုင်)၀၄၉၅၂၄]ကိုင်ဆောင်သူမှ ၂၅-၃-၂၀၁၁ ရက်တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးခ၌ ကျွန်တော်၏ သားတော်စပ်သူ ဦးတင်မောင်လှအား အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားပါသည်။

ဦးတင်မောင်လှအား ပေးအပ်ထားသော အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမက်ဘူလိအာမက်[၁၂/မဂတ(နိုင်)၀၄၉၅၂၄]

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...

ဒဏ္ဍာရီ

အထူးဆံပင်ဖြောင့်ဆိုင်

ဆံပင်လုံးဝမကျွတ်စေရ

Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန်
Discount (15000/-Ks)
- ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေတ္တာလက်ထောင်

ရွှေတိုဂုဏ်ရောင်းမ(ဆောက်လုပ်ရေးမှတ်တိုင်အနီး)၁၃ဝုပန်းခြံအတွင်း၊ ၁ဝုခြံပြန့်ယ်ရန်ကုန်ပြို့။

အင်းလေးချစ်သူ (Travels & Tours)

အဆင့်မြင့်ဘုရားဖူးခရီးသွားလှည်ပတ်နေ

အင်းလေးချစ်သူ၏ရာသီသစ်ခရီးဝင်ငွေများ

ပုဂံ၊ ပုဖြူ၊ စွယ်တော်လေးဆူ၊ ပခုက္ကူ	(Hotel-2N) (Dec-12,24)	109,000/-
ဒေတာင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ်စမ်း	(Hotel-2N) (Dec-5,29)	119,000/-
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ အင်းဝ	(Hotel-2N) (Dec -26)	109,000/-
မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အလောင်းတော်ကယောဝ	(Hotel-2N) (Dec-24)	119,000/-

New Year အထူးခရီးစဉ်

ဝဋ္ဌသောင်ရိုးစဉ်	(Hotel-2N) (Dec-31)	115,000/-

Ph : 09421030814, 09428118838, 09250092602, 095010851

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထဲမှ တစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးထွန်းထွန်းနိုင် [၁၂/ဥကမ(နိုင်)၀၀၇၀၇၇]	ဒေါ်သန်းသန်းစိန် [၉/အမရ(နိုင်)၀စ၁၂၉၆]	တိုက်(ဘီ)၊ အထပ် အမှတ်(၃)၊ အခန်း(၂)၊ မင်းခမ္ဘအဆင့်မြင့် အိမ်ရာ၊ မရမ်းကုန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၈၇၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၇၇/ခ)၊ အောင်သပြေအရှေ့(၁၀)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (၁။ ဦးထွန်းလင်း ၂။ ဒေါ်စီး) အမည်ပေါက် နှစ်(၆၀)ဝန်ထမ်းအား အမည်ပေါက်(၁)ဦးဖြစ်သူ ဒေါ်စီး(ဇနီး) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အတိုင်း ခင်ပွန်းဖြစ်သူ ကျန်အမည်ပေါက် ဦးထွန်းလင်း၂၁/သကတ(နိုင်) ၁၉၄၂ စာရင်း ပိုင်ဆိုင်စာချုပ်(၇၂၄/၂၀၁၀) ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်သဖြင့် ဦးထွန်းလင်း ၏ (ဒုတိယအိမ်ထောင်)ဇနီးဖြစ်သူ ဒေါ်အေးစန်း(၁၄/မအပ(နိုင်)၁၁၄၃၅၈၅)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတို့တိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေမိမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အများသိစေရန်ကြေညာချက်

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မှန်ရဝေဝလမ်း၊ အမှတ်(၄၃)တွင် ပိုင်ရှင်ဒေါ်သန်းမှ (၆)ထပ်တိုက်ဆောက်လုပ်ခွင့်တင်ပြရာတွင် လိုင်စင်ကန်ထရိုက်တာ ဦးမြတ်လင်း(LC-၂၃၄)အစား လိုင်စင်ကန်ထရိုက်တာ ဒေါ်မာမာဝင်း(LC-၈၆၁) ပြောင်းလဲခြင်း၊ လိုင်စင်အင်ဂျင်နီယာ ဦးသန်းစိုး(LS-၆၄)အစား လိုင်စင်အင်ဂျင်နီယာ ဒေါ်ခင်လဲ့မာ(LS-၁၅၈၁) ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း (၁၅) အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (ဌာနမှူး)

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅စီ)၊ မြေကွက်အမှတ်(၅၁)၊ မြေကွက်တည်နေရာအမှတ်(၄၈)၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံမြောက်/အနောက်၊ ဗဟန်း၊ (ဦးထွန်းသိန်း) အမည်ပေါက်၊ နှစ်(၆၀)ဝန်ထမ်းအား အမည်ပေါက်(ဖခင်)ဦးထွန်းသိန်း(မိခင်)ဒေါ်ဖြူတုတ် ကွယ်လွန်သဖြင့်(၁)ဦးသိန်းဝင်း၊၁၂/ဗဟန(နိုင်)၀၀၀၀၆၂၂၊ (၂)ဒေါ်သင်းသင်းအေး၊ ၁၂/ ဗဟန(နိုင်)၀၇၆၁၁၀၂တို့က သား၊ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်တင်ပြခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

မြို့ပြစီမံကိန်းနှင့်မြေမိမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှု၌ ခရီးသည်များ ယာဉ်စီးခ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ညှိနှိုင်းမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

